# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၈) ရက် ၊ စနေနေ့ ၊ (28-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်



**ပါဠိဆရာတော်ကြီးနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက်ဗဟိုဌာနနေရာရှိ ဌာပနာတိုက်တော်များအတွင်းသို့ ရနံ့ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ ရပေါင်းလှူဒါန်းထားသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတာတော်များ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ ထည့်သွင်းထားသည့် ဌာပနာရွှေသေတ္တာတော်များကို ထုံးတမ်းစဉ်လာများနှင့်အညီ သွင်းလှူပူဇော်စဉ်။**







**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုဌာနရှိ ဌာပနာတိုက်တော်တွင်းသို့ ထည့်သွင်းပူဇော်မည့် ရနံ့ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များရပေါင်းလှူဒါန်းထားသည့် အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများကို တွေ့ရစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းတည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မည့်ရတနာပလ္လင်တော်နေရာ၌ ကျင်းပပြုလုပ်သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


**"မမွေ့ါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ"**



ပိဋကသုံးပုံ(၁)စုံလျှင် (၄၀) အုပ်
(ပါဠိရိုမန်အက္ခရာ/ပါဠိမြန်မာ)
အလှူရှင်၏ ကမ္ပည်းမှတ်တမ်း

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာဂုံအတွင်းမှ ကျောက်စာမွေ့စေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ်အပေါ်တွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမှ ပိဋကတ်ပါဠိတော် ၅၃ကျမ်း (၄၀)အုပ်တို့ကို ပါဠိ - မြန်မာ ( Pali-Myanmar) ၊ ပါဠိ - ရိုမန် ( Pali-Roman)အက္ခရာနှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင် ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဂျပန်နိုင်ငံထုတ်(Creamy Coated Paper) တွင် သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျ စီစစ်ပြုစုပုံနှိပ်ပြီး ထေရဝါဒဗုဒ္ဓဘာသာ သင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိ စာသင်တိုက်များ နှင့် ဘုန်းတော်ကြီးကျောင်းများသို့ မမွေ့ါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့်လှူဒါန်းလိုပါကလည်း ကျမ်းစာအုပ်များ၌ **အလှူရှင်၏အမည် ကမ္ပည်းမှတ်တမ်း**အား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး **ပိဋကတ်ပါဠိတော် ၅၃ကျမ်း(၄၀)အုပ်တစ်စုံ လျှင်(၂၀ သိန်း)**ကျပ်နှုန်းဖြင့်လှူဒါန်းပူဇော်နိုင်ပါကြောင်း နိမ့်ာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် - ဦးစိုးလွင်ကျော် - ဖုန်း - ၀၉၆၉၁၀၀၀၉၆၉ ၊ ၀၉၄၅၀၀၇၀၀၂၉ ဒေါ်အေးအေးကြည် ၊ ဖုန်း - ၀၉၄၂၈၇၂၂၅၄၈ ၊ ၀၉၂၅၉၈၂၅၂၁၆

ရတနာပုံ
၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ရောင်တော်ဖွင့်လှစ် ထုံးသက်နံ်းကပ်လှူ သန့်ရှင်းရေးကုသိုလ်ယူ

မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာထွန်းကားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ကြသူများဖြစ်ကြသည်။ ထို့ကြောင့်လည်း နိုင်ငံတစ်ဝန်း စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ တည်ထားကိုးကွယ်လာခဲ့ကြသည်ကို တွေ့ရသည်။

စေတီဟုဆိုရာတွင် လူတို့အမြတ်တနိုးယုံကြည်ကိုးကွယ် ရှိခိုးကန်တော့ကြသည့်အရာမှန်သမျှဖြစ်ပြီး ဗုဒ္ဓ၏ဓာတ်တော်မွေတော်၊ အသုံးအဆောင်များ အစရှိသည်တို့ကို ဌာပနာထားသော သာသနိကအဆောက်အအုံများ၊ ဌာပနာမပါသော်လည်း ဗုဒ္ဓကို ရည်မှန်းဆောက်လုပ်ထားအပ်သော သာသနိကအဆောက်အအုံများကို စေတီဟုသတ်မှတ်နိုင်သည်။ စေတီတွင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ပါဒစေတီဟူ၍ ငါးမျိုးရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ဘုရား၊ စေတီများနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ရောင်တော်ဖွင့်ပေးခြင်း၊ ထုံးသက်နံ်းများကပ်လှူခြင်းတို့ကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကုသိုလ်ပြုဆောင်ရွက်ကြသည်။ ထို့ပြင် ဘုရား၊ စေတီပုထိုးများ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန်အတွက် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်ကို တွေ့ရသည်။

ထိုသို့ဆောင်ရွက်နေကြခြင်းသည် ဘုရားစေတီများသို့ ဘုရားဖူးလာရောက်ကြသည့် ရဟန်းသံဃာတော်များ၊ အများပြည်သူများ စိတ်အေးချမ်းစွာ တရားဘာဝနာပွားများ၍ ဖူးမြော်ကြည်ညိုနိုင်စေရန်၊ မျက်စိအမြင်တင့်စေရန်၊ ပတ်ဝန်းကျင်လေကောင်းလေသန့်ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ကြခြင်းဖြစ်ပေသည်။

ယခုကဲ့သို့သော ပွင့်လင်းရာသီကာလ၌ ဘုရားစေတီများသို့ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးများက ဖူးမြော်ကြည်ညိုကြသကဲ့သို့ ပြည်ပခရီးသွားများလည်း လာရောက်လေ့လာကြည့်ရှုကြသည်ကို တွေ့ရသည်။ ပြည်တွင်းဘုရားဖူးများအနေဖြင့် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်နှင့် နေ့ထူးနေ့မြတ်များတွင် ဘုရားစေတီများသို့ စည်ကားသိုက်မြိုက်စွာဖူးမြော်လေ့ရှိရာ ဘုရား၊ စေတီပတ်ဝန်းကျင်တွင် သန့်ရှင်းသပ်ရပ်စွာဖြင့် ရောင်တော်ဖွင့်၊ ထုံးသက်နံ်းကပ်ထားသော ဘုရားစေတီများကို ဖူးတွေ့ရသဖြင့် စိတ်ကြည်နူးစေမည်ဖြစ်သည်။

ယခုအချိန်အခါသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားပြုလုပ်နေသည့် အချိန်အခါလည်းဖြစ်သည်။ ထို့ပြင် နိုင်ငံတစ်ဝန်း ဘေးအန္တရာယ်ကင်းစေရန်နှင့် ပြည်သူများ စိတ်ကြည်နူးအေးချမ်းစေရန်ရည်ရွယ်၍ အတွင်းအောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်၊ ဓဇဂ္ဂသုတ်အပါအဝင် အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ဇယမင်္ဂလာဂါထာတော်များကို ရွတ်ဖတ်နေကြသော ကောင်းမှုကုသိုလ်များကို ပြုလုပ်နေကြသဖြင့် ကောင်းကျိုးများဝေဖြာနေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက နိုင်ငံတစ်ဝန်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်နေကြခြင်းသည် ဘုရား၊ စေတီများကို ပြုပြင်မွမ်းမံရာရောက်သကဲ့သို့ ဘုရားဖူးများအတွက် စိတ်အေးချမ်းစွာ တရားဘာဝနာပွားများနိုင်သောကြောင့် ကောင်းသောကုသိုလ်ပြုမှုဆောင်ရွက်ခြင်းမျိုး ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် အငယ်စား၊ အလတ်စား၊ အကြီးစား လုပ်ငန်းမှတ်ပုံတင် ၃၀၀ ခွင့်ပြုထုတ်ပေးထား



**မန္တလေး ဇန်နဝါရီ ၂၇**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖြစ်သော အငယ်စား၊ အလတ်စား၊ အကြီးစားလုပ်ငန်းများအတွက် လုပ်ငန်းမှတ်ပုံတင် ၃၀၀ ကို စစ်ဆေးခွင့်ပြုထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွဋ်ဆွေက ပြောပြ၍ သိရသည်။

အဆိုပါမှတ်ပုံတင်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဖြင့် ဌာနက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မှတ်ပုံတင်ရာတွင် မြင်းကောင်ရေ ၃ ကောင်အားနှင့်အထက်၊ အလုပ်သမား ၁၀ ဦးနှင့်အထက် အားတစ်မျိုးမျိုးကို အသုံးပြုပြီး ထုတ်လုပ်သည့်လုပ်ငန်းများဖြစ်သော အငယ်စား၊ အလတ်စား၊ အကြီးစားလုပ်ငန်းများအတွက် လုပ်ငန်းရှင်များက မှတ်ပုံတင်ရကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းမှတ်ပုံတင် ၄၂၀ လျာထားခွင့်ပြုထုတ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ လုပ်ငန်းမှတ်ပုံတင် ၃၀၀ ကို စစ်ဆေးခွင့်ပြုထုတ်ပေးထားကြောင်း သိရသည်။

"မှတ်ပုံတင်တဲ့အတွက်ကြောင့် နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းတွေရဲ့ ဒေတာကိန်းဂဏန်း အချက်အလက်တွေကို နိုင်ငံတော်အနေနဲ့ ရရှိပြီးတော့ လိုအပ်တဲ့မူဝါဒတွေကို ဆောင်ရွက်လို့ရပါတယ်။ အဲဒီလုပ်ငန်းတွေ မှတ်ပုံတင်တာကို လျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်ပေးသွားမှာပါ" ဟု ဦးမျိုးထွဋ်ဆွေက ပြောပြသည်။

ထိုသို့ မှတ်ပုံတင်ကြရာတွင် စားသောက်ကုန် လုပ်ငန်းများ၊ အဝတ်အထည် လုပ်ငန်းများ၊ အထွေထွေစက်မှုလက်မှုလုပ်ငန်းများ၊ လူသုံးကုန်လုပ်ငန်းများ၊ သံနှင့် သံမဏိလုပ်ငန်းများ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းများ၊ သစ်အချောထည်လုပ်ငန်းများမှ မြင်းကောင်ရေ ၃ ကောင်အားနှင့်အထက်၊ အလုပ်သမား ၁၀ ဦးအထက်ရှိသော လုပ်ငန်းများစသည်တို့ကို မှတ်ပုံတင်ကြကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

(၁၈၅)

# မန္တလေး ဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ရေဦးဘက်မှ ထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာပြီး ကုန်သည်များက ဈေးကောင်းပေး ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ရေဦးဘက်ကထွက်တဲ့ ပဲပုပ်(ဗမာ)ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေတယ်။ ပြည်ပကနေ ပြည်တွင်းကထွက်ရှိတဲ့ပဲပုပ်ကို မှာယူမှုကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇန်နဝါရီလ ဒုတိယပတ်က ပဲပုပ်(ဗမာ)ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ ခန့်သာရှိခဲ့သော်လည်း ဇန်နဝါရီ ၂၆ ရက်ပေါက်ဈေးအရ ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ပဲပုပ်(ရှမ်း)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုလတ်တလောတွင် ပဲပုပ်(ရှမ်း)ဈေးနှုန်းမှာ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူအသစ်များ ဝင်ရောက်လာပြီး မြို့တွင်းပိုင်း အချက်အချာကျသည့် နေရာများ ငှားရမ်းလိုမှု ပို၍မြင့်တက်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ငှားရမ်းမှုများတွင် လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သော အချက်အချာကျသည့် အဓိကလမ်းမကြီးများ၊ လူစည်ကားရာ ရပ်ကွက်ကြီးများ၌ ငှားရမ်းလိုမှုအများဆုံးဖြစ်နေပြီး ဈေးဆိုင်များ၊ ရုံးခန်းများဖွင့်လှစ်ကြရန်နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာအကျယ်အဝန်း လုံလောက်စွာရှိသောနေရာများ ပို၍အငှားဖြစ်နေကြောင်း သိရသည်။

"အငှားဘက် ပိုဖြစ်လာတယ်လို့ ပြောလို့ရတယ်။ ဈေးနှုန်းတွေလဲ မြင့်လာတယ်။ အရင်က လူပါနေလို့ရတဲ့ ဆိုင်ခန်းတစ်ခန်းဆိုရင် ငွေကျပ် နှစ်သိန်းခွဲ၊ သုံးသိန်းလောက် သုံးနိုင်ရင်ရတယ်။ အခုက အနည်းဆုံးကို ငွေကျပ်သုံးသိန်းကျော်မှရတော့တယ်။ မြို့တွင်းပိုင်းလမ်းမကြီးတွေနဲ့ အချက်အချာကျတဲ့ နေရာတွေ ပိုရှားခိုင်းတယ်။ တစ်နိုင်တစ်ပိုင် ဆိုင်ဖွင့်ကြမဲ့သူတွေများတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

ငှားရမ်းမှုဈေးနှုန်းအနေဖြင့် တစ်လလျှင် ငွေကျပ် ခုနစ်သောင်းမှ ငါးသိန်းခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် တစ်သိန်းငါးသောင်းခန့် ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း သိရသည်။

ဈေးကွက်တစ်ခုလုံးအနေဖြင့် အေးနေသော်လည်း အရောင်းအဝယ်ဖြစ်နေသည့် မြေကွက်များလည်းရှိကြောင်း၊ အဆိုပါနေရာများမှာ မြို့၏ဆင်ခြေဖုံးရပ်ကွက်များနှင့် ကျေးရွာမြေ ဧကကွက်များဖြစ်ကြောင်း၊ ကျေးရွာမြေကွက်များအနေဖြင့် အမရပူရမြို့နယ် အရှေ့ခြမ်းရှိ ကျေးရွာမြေများ၊ မြစ်ငယ်၊ စဥ့်ကိုင်အနီးရှိ ကျေးရွာမြေများနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများ အရောင်းအဝယ်လိုက်နေကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်ရှိကြောင်း ဦးဌေးဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၈ ဒသမ ၉၄၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝက္ကသေးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဝက္ကသေးကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဝက္ကသေးကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် နှစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၈ ဒသမ ၉၄၇ သန်းဖြင့် New Now ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ဝက္ကသေးကျေးရွာရှိ အိမ်ခြေ ၇၂၆ အိမ်၊ လူဦးရေ ၃၄၃၀ တို့၏ စိုက်ပျိုးမြေလယ်ယာဧက ၂၁၀ မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ပြောပြ၍ သိရသည်။

**ကိုလှိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့နယ် ကျိုကုန်းရွာနေ ဦးအောင်ကြည်ရိုး-ဒေါ်ဆန်းမြွေး မိသားစုက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ(ရွှေမြိုင်ဆရာတော်)အား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ အဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၄၉၂၃၆ ဧက လျာထားစိုက်ပျိုးမည်



**ပုသိမ် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၄၉၂၃၆ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၄၉၂၃၆ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ လျာထား ၄၉၂၃၆ ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် တောင်သူပညာပေး လုပ်ငန်းများနှင့် စိုက်ပျိုးရေးနည်းပညာများကို ကြိုတင်ကွင်းဆင်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

“ပုသိမ်မြို့နယ် တစ်မြို့နယ်လုံး အနေနဲ့ ဒီနှစ် နွေစပါးစိုက်ပျိုးရာသီမှာ စုစုပေါင်းနွေစပါး ၄၉၂၃၆ ဧက လျာထားစိုက်ပျိုးသွားမှာပါ။ လျာထားရည်မှန်းထားတဲ့အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါပြီ။ ဒီနှစ် အထွက်နှုန်းကောင်းတဲ့စပါးတွေကို ရွေးချယ်စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က နွေစပါးကော မိုးစပါးတွေပါ တစ်ဧကကို စပါးတင်း ၁၀၀ ထိထွက်ရှိစေဖို့ လျာထားစိုက်ပျိုးနေပါတယ်။ စပါးတွေ အရည်အသွေး ကောင်းဖို့ကိုလဲ အဓိကထား စိုက်ပျိုးမှာပါ။ စပါးတွေအရည်အသွေးကောင်းမှ ဈေးကောင်းရရှိမှာ ဖြစ်ပါတယ်”ဟု ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေစပါးကို အခက်အခဲမရှိ လျာထားချက်အတိုင်း ရာနှုန်းပြည့် စနစ်တကျစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ နွေစပါးလျာထား ၄၉၂၃၆ ဧကတွင် ရက် ၉၀ စပါးနှင့်နှစ်လခွဲစပါး အမျိုးအစားများကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မအူပင်မြို့နယ် စာဖြူစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မအူပင် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကဝက္ကင်းကျေးရွာအုပ်စု စာဖြူစုကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေနဝမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက စာဖြူစုကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်သီတာမြင့်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စာဖြူစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၉၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်စိုင်**

# စလင်းမြို့နယ် သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သရက်ချဉ်ကျေးရွာအုပ်စု သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ချေးငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှု အခြေအနေများနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ယခုပထမနှစ်စက်ဝန်းတွင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးတောင်သူ ၈၇ ဦး၏ စိုက်ပျိုးမြေ ၁၄၆ ဒသမ ၁၂ ဧကတို့တွင် စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ စားသုံးဆီလုံလောက်စွာရရှိနိုင်ရေးအတွက် လိုအပ်သောငွေကြေးနှင့် ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းရိုး**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၇၄)

## ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာရှင့်။ သမီးအမေ အချိန်တိုင်းလို ချောင်းဆိုးနေလို့ပါ။ ဆေးတွေသောက်လဲ ထူးထူးခြားခြားမသက်သာပါဘူး။ မနက်လင်းပိုင်းအေးတဲ့အချိန် ပိုဆိုးပါတယ်ဆရာ။ အမေက သွေးတိုးလဲရှိပါတယ်။ သက်သာစေမဲ့ ဆေးနည်းတွေ ပြောပြစေချင်ပါတယ်ရှင့်။**

ဖြေ ။ ။ ကွမ်းရွက် သုံးရွက်နဲ့ ချင်းတက်ပါးပါး ခုနစ်လွှာကို ရေနွေးမတ်ခွက်တစ်လုံးမှာ စိမ်ထားပြီး တစ်နေကုန်သောက်ပေးပါ။ အဆီပါတာရှောင်စားပါ။ ပြည်ပန်းညို ရွက်ဟင်းချိုချက်သောက်ပါ။ တိုင်းရင်းဆေးအမှတ်(၂) လေမျိုးရှစ်ဆယ် လျက်ဆားကို သံပရာရည်နဲ့ ဖျော်လျက်ပါ။ လည်ပင်းအအေးပတ်ရင် ချောင်းပိုဆိုးပါတယ်။ လည်ပင်းမှာ မာဖလာပတ်ထားပေးပါ။

**မေး ။ ။ ဆရာကြီးခင်ဗျာ။ ကျွန်တော့်အသက် ၄၂ နှစ်ပါ။ ခန္ဓာကိုယ်အပိန်အဝပုံမှန်ပါ။ ဆီးဝမ်းလဲမှန်ပါတယ်။ အစားလဲမှန်ပါတယ်။ အိပ်လဲပျော်ပါတယ်။ ဖြစ်နေတာက ချောင်းဆိုးနေတာပါ။ နှစ်ပတ်ကျော်နေပါပြီ။ ဆေးတွေသောက်လဲ မပျောက်ပါဘူး။ ငယ်ခဲ့ကတည်းကရောဂါ ဖြစ်ဖူးပါတယ်။ ဆေးသောက်လို့ပျောက်သွားပါတယ်။ ဒါပေမဲ့ ရာသီဥတုအေးတဲ့ အခါတိုင်း ချောင်းခြောက်ဆိုးလေ့ရှိပါတယ်။ ချောင်းဆိုးတာက ညအိပ်ရာဝင်ချိန်နဲ့ မနက် ၅ နာရီလောက်မှာ တအားဆိုးပါတယ်။ ဆေးစမ်းပြထားတာမရှိပါဘူး။ ဆရာကြီးရဲ့ ဆေးနည်းလေး မျှဝေပေးဖို့တောင်းဆိုပါတယ်။**

ဖြေ ။ ။ ချောင်းခြောက်ဆိုးရောဂါဟာ အဆုတ်မှာ အပူငုပ်လို့ဖြစ်ပါတယ်။ နာတာရှည်အဆုတ်ရောဂါ ခေါ် မြစ်ခြောက်နာကြောင့်လဲ ဖြစ်တတ်ပါတယ်။ ချောင်းခြောက်ဆိုးရောဂါဖြစ်ရင် မနက်စောစော အုန်းစိမ်းရည်သောက်ပြီး ရေချိုးပါ။ အုန်းစိမ်းရည်မှာ ချင်းပါးပါး လှီးပြီး အနည်းငယ်ထည့် မီးနဲ့ဆူရုံမျှအပူပေးကာ ခပ်နွေးနွေးသောက်ပါ။ လောက်သေရွက်ပြုတ်ရည်ကို တစ်နေ့ မတ်ခွက်တစ်လုံးစာပြုတ်ပါ။ မီးကွင်းဂမုန်းရွက်သတ္တုရည်မှာ ဆားလျော့ အနည်းငယ်ထည့်သောက်ပါ။ ပြည်ပန်းညိုရွက်ကို ထောင်းပြီး အရည်ညှစ်ကာ အကြမ်းပန်းကန်တစ်လုံးစာမှာ ပျားရည်တစ်ဇွန်းစပ်သောက်ပါ။ ကြက်သွန်နီဥကြီးမီးဖုတ်ပြီး ပူတုန်းစားပါ။ တစ်နေ့နှစ်လုံးစားပါ။ ရှောက်ရည် သုံးဇွန်း၊ ပျားရည် တစ်ဇွန်း(ဟင်းစားဇွန်း)နဲ့စပ်ပြီး သိန္ဓောဆားအနည်းငယ်ထည့် လျက်ပေးပါ။ သဘော်အဖိုပင်အရွက်ကို မီးမြှိုက်ပြီး အတို့အမြှုပ်လုပ်စားပေးပါ။

**မေး ။ ။ ဆရာကြီးရှင့်။ ကျွန်မသားလေး အသက် ငါးနှစ်ပါ။ တစ်လောကဖျားပြီး သုံးရက်လောက်ကြာတော့ အဖျားပျောက်သွားပါတယ်။ ဒါပေမဲ့ ချောင်းဆိုးကျန်ခဲ့ပါတယ်။ အစာစားရင်လဲ သီးပြီးချောင်းဆိုးပါတယ်။ ညအိပ်ရာဝင်လဲ ချောင်းအဆက်မပြတ်ဆိုးပြီး ကောင်းကောင်း မအိပ်ရပါ။ ချောင်းဆိုးပျောက်ဆေးအရည်တွေလဲတိုက်ပါတယ်ရှင့်။ ကောင်းကောင်းမသက်သာပါ။ တိုင်းရင်းဆေးနည်းလေးတွေပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကလေး ကိုယ်ပူ၊ ချောင်းဆိုး၊ အဖျားပြတ်ပြီးနောက် ချောင်းဆိုးကျန်ဖြစ်နေသူတွေအတွက် ဆေးနည်းမှာ အိမ်သုံးဆားကို နီရဲအောင်လှော်ပြီး သံပရာရည်နဲ့ ဖျော်လျက်ပေးပါ။ ပရဆေးဆိုင်မှာ သိန္ဓောဆား၊ ဇဝက်သာ၊ ပတဲကောကြီးတစ်ကျပ်သားစီကိုဝယ်ပြီး နွယ်ချို သုံးကျပ်သားနဲ့ ရောကြိတ်ကာ အမှုန့်လုပ်လျက်ပေးပါ။ ချင်းပါးပါး ခုနစ်လွှာ၊ ကွမ်းရွက် သုံးရွက်၊ ထန်းလျက် ငါးခဲကို ရေနွေးမတ်ခွက်



ဆေးဖက်ဝင် လောက်သေပင်ကို တွေ့ရစဉ်။

တစ်လုံးစာမှာ ရောကျိုပြီး ဆားလျော့ အနည်းငယ်ထည့်သောက်ရင် အဖျားနဲ့ တွဲဖြစ်တဲ့ချောင်းဆိုးရောဂါ ပျောက်ပါတယ်။ ဒန့်သလွန်ရွက်၊ တောင်အော်ရွက်၊ လဲလူရွက်တွေကို ဟင်းချိုချက်တိုက်ရင် အဖျားရော ချောင်းဆိုးပါ ပျောက်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ။ ကျွန်တော့်အသက် ၆၀ ကျော်ဖြစ်ပါတယ်။ အသက် ၄၀ ကျော်ကစပြီး ရင်ကျပ်ရောဂါဖြစ်ပါတယ်။ အင်္ဂလိပ်ဆေးတွေနဲ့ ကုသပါတယ်။ ကုသတဲ့အချိန်မှာ ပျောက်ကင်းသွားပေမဲ့ အပူအအေးရာသီဥတုအကူးအပြောင်းမှာချောင်းဆိုးပြီး ရင်ကျပ်ရောဂါပြန်ထလေ့ရှိပါတယ်။ ဆေးသောက်လိုက်ရင်သက်သာပါတယ်။ ရင်ကျပ်ရောဂါ ကောင်းစွာပျောက်ကင်းနိုင်မဲ့ ဆေးနည်းတွေရှိရင် သိလိုပါတယ်။ ရေရှည်စွဲသောက်ရမယ်ဆိုလဲ သောက်ပါ့မယ်ဆရာ။**

ဖြေ ။ ။ ရင်ကျပ်ရောဂါအတွက် ရေရှည်စွဲသောက်ရင် ပျောက်ကင်းနိုင်တဲ့ ဆေးပင်ကတော့ ဇော်ဂျီတောင်ဇွေးပင်ဖြစ်ပါတယ်။ ပြုတ်ရည်ကို ဓာတ်ဘူးမှာထည့်ပြီး ရေနွေးကြမ်းသောက်သလို တစ်နေ့ဓာတ်ဘူးတစ်လုံးသောက်ပေးပါ။ ဥတုအကူးမှာ ချောင်းဆိုးရင်ကျပ်ဖြစ်ရင် ဇော်ဂျီတောင်ဇွေးပင်အရွက်ရော အရိုးပါ ဒိုပါ လာသကြားခဲ မှန်ရောင်သကြားခဲ အနည်းငယ်နဲ့ ရောပြုတ်ပြီး တစ်နေ့ မတ်ခွက်တစ်လုံးစာသောက်ပေးပါ။ ရင်ကျပ်ချောင်းဆိုးဖြစ်ရင် ကွမ်းရွက်ကို မီးကင်ပြီး ရင်ဘတ်နဲ့ ကျောမှာ ကပ်ပေးပါ။ သွေးတိုးရောဂါမရှိရင် ကွမ်းရွက်နဲ့ ဆားကိုထုပ်ပြီး မီးဖုတ်ပြာချကာ အဲဒီပြာကိုသံပရာရည်နဲ့ဖျော်လျက်ပါ။

**မေး ။ ။ ဒကာကြီး ဦးပဉ္စင်းမှာ ချောင်းဆိုးတာ လကြာပြီး အနေသွေးပါလာပါတယ်။ မြို့ပေါ်တက်ပြီး ဆရာဝန်ပြဖို့ကလဲ လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ ကြာအုံးမယ်ထင်ပါတယ်။ ကြားထဲမှာ အဆင်ပြေအောင် ဆေးနည်းလေးတွေ လှူဒါန်းစေလိုပါတယ်။**

ဖြေ ။ ။ ချောင်းဆိုးသွေးပါဖြစ်ရင် စံပယ်ရွက် (စံပယ်ကြီးပင်က အရွက်ရရင် ပိုကောင်းတယ်။)ကို သကြားအနည်းငယ်ထည့်ပြီး သုံးခွက် တစ်ခွက်တင်ကျိုကာ တစ်နေ့ သုံးကြိမ် ရေနွေးကြမ်းပန်းကန်တစ်လုံးစာ သောက်ပေးပါ။ ဆီးဖြူသီးခြောက်ကို ဝက်သား ဒါမှမဟုတ် အသားတစ်မျိုးမျိုးနဲ့ နှပ်ပြီးချက်စားရင် ချောင်းဆိုး၊ သွေးပါ သက်သာစေပါတယ်။ အသားမစားရင် ဆီးဖြူသီးခြောက်ကို အမှုန့်ထောင်းပြီး ပျားရည်နဲ့ရောကာ ဟင်းစားဇွန်းတစ်ဇွန်းစာ မနက်၊ ည ရေနွေးနဲ့သောက်ပေးပါ။ ပန်းလဲပွင့်ရနိုင်ရင် အခြောက်လှန်းပြီး လက်ဖက်ခြောက်လို ရေနွေးစိမ်သောက်ပါက ချောင်းဆိုးသွေးပါ၊ သွေးအန်ရောဂါတွေ သက်သာစေပါတယ်။

**မေး ။ ။ ဆရာကြီးရှင့်။ ကျွန်မအဖေအသက် ၈၀ မှာ ခြေတုန်လက်တုန်ရောဂါဖြစ်နေပါတယ်။ ထမင်းစားရင်တောင် ဇွန်းမကိုင်နိုင်ပါဘူး။ ခွံ့ကျွေးရပါတယ်။ လမ်းသွားရင် ဘေးကထိန်းပေးမှ သွားလို့ရပါတယ်။ အိပ်နေတဲ့အချိန်မှာတော့ ဘာမှမဖြစ်ပါဘူး။ သွေးပေါင်ချိန်လဲ ကောင်းပါတယ်။ ဆီးချိုလဲမရှိပါ။ ခြေတုန်လက်တုန်ရောဂါက လူကြီးရောဂါ မပျောက်နိုင်ဘူးလို့ ပြောကြတာဟုတ်ပါသလားရှင့်။ မပျောက်ရင်တောင် ပိုဆိုးမလာအောင် တိုင်းရင်းဆေးနဲ့ ဆေးနည်းဓာတ်စာလေးတွေရှိရင် ပြောပြပေးပေးလိုပါတယ်ရှင့်။**

ဖြေ ။ ။ ခြေတုန်လက်တုန်ရောဂါဟာ အသက်ကြီးသူတွေမှာ ဖြစ်လေ့ရှိပါတယ်။ အဲဒီရောဂါကိုကာကွယ်နိုင်တဲ့ဆေးက မီးဖိုချောင်သုံးနန္နင်းမှုန့်ဖြစ်ပါတယ်။ ရှေးမြန်မာလူမျိုးတွေဟာ ဟင်းချက်ရာမှာ ဆီသတ်ချက်လေ့ရှိပြီး ကြက်သွန်ဖြူ၊ နီ၊ နန္နင်းမှုန့်တို့ကို ရောစပ်ဆီသတ်ပြီးမှ ဟင်းချက်လေ့ရှိလို့ နန္နင်းမှုန့်ကို နေ့စဉ်စားသုံးပေးသလိုဖြစ်နေပါတယ်။ ဒါကြောင့် ရှေးလူကြီးတွေမှာ အခုခေတ်အခေါ်(ပါကင်ဆန်ရောဂါ) ခြေတုန်လက်တုန်ရောဂါ အဖြစ်နည်းတာကို တွေ့ရပါတယ်။ ခြေတုန်လက်တုန်ရောဂါ သက်သာစေဖို့အတွက် နန္နင်းမှုန့်ကို ဟင်းစားဇွန်းတစ်ဇွန်း၊ ပျားရည်ဟင်းစားဇွန်းတစ်ဇွန်း မနက်၊ ည နှစ်ကြိမ်ခွဲပြီး သောက်ပေးရင် သက်သာစေနိုင်ပါတယ်။ ဂေါ်ဖီထုပ်ကြီးကိုပြုတ်ပြီး ခြေကာ သကြားနှစ်ဇွန်း၊ ပျားရည်တစ်ဇွန်း ရောပြီး တစ်ပတ်ကို တစ်ကြိမ်စားပေးပါ။ ခြေဖဝါးမှာ နန္နင်းလိမ်းပြီး မြေကြီးပေါ်မှာ ဖိနပ်မပါဘဲ တွဲပြီးလမ်းလျှောက်ပေးရင်လဲ လူကြီးတွေ ခြေတုန်လက်တုန်ရောဂါသက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးရှင့်။ ကျွန်မအသက် ၄၂ နှစ်ပါ။ ခါးနာနေလို့ပါ။ ဘယ်လို ဆေးမျိုးလိမ်းရမလဲ သိချင်ပါတယ်ရှင့်။**

ဖြေ ။ ။ ရိုးရိုးခါးနာ၊ အကြောမညပ်ဘဲ ခါးနာပါက လိမ်းဆေးလိမ်းရင် သက်သာနိုင်ပါတယ်။ ဆေး နှစ်မျိုးလိမ်းပါ။ နေ့မှာမုန်ညင်းဆီထဲ ချင်းတက်သင့်ရုံထောင်းခြေထည့်ပြီး မီးနဲ့ဆူအောင်ချက်ပါ။ အဲဒီဆီကို ခါးမှာ စိမ့်ဝင်အောင် ခပ်နွေးနွေးလေးလိမ်းပေးပါ။ နှစ်ကြိမ်လိမ်းပေးပါ။ ညအိပ်ရာဝင်မှာ ကရမက်တုံးကို သွေးလိမ်းပြီးမှ အိပ်ပါ။ အလေးအပင်ဆွဲတာ၊ ရေပုံးဆွဲတာ တစ်ပတ်လောက်ရှောင်ထားပါ။ ကုန်းကွထိုင်ထသတိရှိပါ။ မွေ့ရာအိပ်ရာပျော့တဲ့နေရာမှာ မအိပ်ပါနဲ့။ အိပ်ပြီး ခါးခွက်ဝင်တဲ့ အိပ်ရာမျိုးမှာ အိပ်ရင် ခါးနာမပျောက်ပါ။ ပြန့်ပြူးပြီး မပျော့မမာ ခွက်မဝင်တဲ့ အိပ်ရာနဲ့အိပ်ပါ။ လမ်းလျှောက်လို့ရပါတယ်။ လေ့ကားအဆင်းအတက်တွေ ရှောင်ပါ။

**မေး ။ ။ ဆရာကြီးရှင့်။ ကျွန်မအသက် ၃၆ နှစ်ပါ။ ကျွန်မရဲ့ဆံပင်တွေကပါးပြီး လှမြင်မကောင်းအောင် ဖြစ်နေလို့ပါ။ ဆံပင်ထူလာအောင် ဘယ်လိုလုပ်ရမလဲ လမ်းညွှန်ပေးပါရှင့်။**

ဖြေ ။ ။ ရှားစောင်းလက်ပပ်ကိုဖြတ်ပြီး အစေးကုန်အောင် ရေစိမ်ထားပါ။ အပြင်ခွံတွေကိုဖယ် အနှစ်ကိုယူပြီး ဦးခေါင်းထဲစိမ့်ဝင်အောင် ပွတ်လိမ်းကာ နာရီဝက်လောက်ထားပြီးမှခေါင်းလျှော်ပါ။ ခေါင်းလိမ်းဆီကတော့ ဆံပင်သန်နုတ် ထောလပတ်ရွက်လို့ အဆိုရှိပါတယ်။ ထောလပတ်ရွက်ကို အခြောက်လှန်း အုန်းဆီနဲ့စိမ်ထားပြီး ညအိပ်ရာဝင် ဦးခေါင်းမှာ လိမ်းအိပ်ပါ။ ရေရှည်ပြုလုပ်ရင် ဆံပင်သန်လာပါလိမ့်မယ်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် ကျွန်းများကို အမှတ်စဉ်သတ်မှတ်ရေးနှင့် အမည်ပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ထားဝယ် ဇန်နဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် ကျွန်းများကို အမှတ်စဉ်သတ်မှတ်ရေးနှင့် အမည်ပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စည်သူထံမှ သိရသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် တနင်္သာရီကမ်းရိုးတန်းဒေသ တစ်လျှောက် ပင်လယ်ပြင်အတွင်းရှိ ကျွန်းများအနက် အမည်ရှိကျွန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ အမှတ်စဉ်ရေးထိုးသတ်မှတ်ခြင်း၊ အမည်မဲ့ကျွန်းများကို အမည်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ကျွန်းများ အမည်သတ်မှတ်ရေးကော်မတီကို လုပ်ငန်းတာဝန် ခုနစ်ရပ် ချမှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကမ်းရိုးတန်းဒေသ ပင်လယ်ပြင်အတွင်းတည်ရှိနေတဲ့ ကျွန်းတွေရဲ့အရေအတွက်နဲ့ တည်နေရာတွေကို စနစ်တကျမှတ်တမ်းတင်ဆောင်ရွက်ထားရင် ပင်လယ်ပြင်ဧရိယာနဲ့ ကမ်းရိုးတန်းဒေသကို နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ပြီး အငြင်းပွားမှုတွေ ပေါ်ပေါက်လာရင်လဲ ခိုင်မာစွာရှင်းလင်းခုခံဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟု လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်စည်သူက ပြောပြသည်။

တနင်္သာရီတိုင်းဒေသကြီးသည် ကမ်းလွန်ပင်လယ်ပြင်၌ ကျွန်း ၈၀၀ ကျော်ရှိပြီး ပြည်တွင်း၊ပြည်ပ ခရီးသွားများအတွက် အဓိကဆွဲဆောင်နေသည့် နေရာတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါကျွန်းများကို ခရီးသွားလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများအတွက် မြေနေရာချထားမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH



# ပုလောမြို့နယ် ဘုရင့်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုလော ဇန်နဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရင့်တောင်ကျေးရွာတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်များရရှိပြီး ဆင်းရဲမှုလျှော့ကျနိုင်စေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ မူလတန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်ပြည့်စုံဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဘုရင့်တောင်ကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘုရင့်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ရန်ပုံငွေကျပ် ၃၆၅ သိန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ကိုယ့်အားကိုယ်ကိုး လူ့တန်ဖိုး

- ရှေ့သို့ချီ ကြောက်မရွံ့
  နောက်တွန့်တဲ့စိတ်ဖယ်ကြဉ်၊
  ကိုယ်သွားရာ ကိုယ်လမ်းဖောက်
  လျှမ်းတောက်ဂုဏ်အင်၊
  ဖွဲ့သတ္တိ အတူယှဉ်
  မပူပင် ကိုယ့်အားကိုး၊
  အားသစ်နှောင် ဂုဏ်မြင့်မားတယ်
  ဝင့်ကြွားတန်ဖိုး။

- အားသစ်နှောင် ဆထက်တိုး
  လှုံ့ဖြိုးဖို့ တွေးရည်ရွယ်၊
  ကိုယ်သွားရာ လမ်းအစ
  နွမ်းလျစေကွယ်၊
  ဖြတ်ကျော်လွှား မညိုးငယ်
  အကျိုးရယ် မောက်လှုံ့ပြည့်၊
  ကိုယ်လိုရာ အရှေ့ဆက်လို့
  ကွေ့ပတ်မကြည့်။

- ကြံ့ကြံ့ခံ ဖွဲ့သတ္တိ
  ကိုယ်မှာရှိ ဝင့်ကြွားနေ၊
  နွဲ့ယှဉ်ပြိုင် အပြုံးလေးနှင့်
  မရှုံးသေးပေ၊
  ကိုယ့်အားကိုး လှမ်းကိုင်စေ
  ပန်းတိုင်တွေ အောင်မြေကောင်း၊
  အဖိုးတန် ဂုဏ်မချို့တယ်
  ကိုယ့်ရဲ့လမ်းကြောင်း။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# ညောင်ရွှေမြို့နယ် ငါးဖယ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးဖယ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများက ငါးဖယ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ငါးဖယ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား၊အသင်းသူ ၅၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၂၃ သိန်းထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# အီသီယိုးပီးယားဝန်ကြီးချုပ် အဘီးအာမက် ဆူဒန်နိုင်ငံသို့ သွားရောက်

**ခါတွန် ဇန်နဝါရီ ၂၇**

အီသီယိုးပီးယား ဝန်ကြီးချုပ် အဘီးအာမက်သည် ဇန်နဝါရီ ၂၆ ရက်တွင် ဆူဒန်နိုင်ငံသို့သွားရောက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးစဉ်သည် နှစ်နိုင်ငံကြား နယ်စပ်စစ်ရေးပဋိပက္ခများ ပေါ်ပေါက်ခဲ့ပြီး နောက်ပိုင်း အီသီယိုးပီးယားဝန်ကြီးချုပ်၏ပထမဆုံးဆူဒန်ခရီးစဉ်ဖြစ်သည်။

ဆူဒန်ခရီးစဉ်အတွင်း အီသီယိုးပီးယားဝန်ကြီးချုပ်နှင့် ဆူဒန်ခေါင်းဆောင်များသည် အီသီယိုးပီးယား၏ မဟာအီသီယိုးပီးယားပြန်လည်နိုးကြားမှုဆည် အမည်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည်ပြဿနာနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း ဆူဒန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါဆည်ကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေးအဆင်မပြေဖြစ်နေချိန် ၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းတွင် ဆူဒန်နှင့် အီသီယိုးပီးယားနှစ်ဖက်တပ်များကြား နယ်စပ်စစ်ရေးပဋိပက္ခများ ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆည်သည် ဘလူးနိုင်းမြစ်ပေါ်၌ တည်ဆောက်နေသော စီမံကိန်းဖြစ်ရာ မြစ်အောက်ပိုင်းနိုင်ငံများဖြစ်သည့် ဆူဒန်နှင့်အီဂျစ်နိုင်ငံတို့အနေဖြင့် ပြည်တွင်းရေဖြည့်ဆည်းနိုင်မှု ထိခိုက်မည့်အရေးကို စိုးရိမ်လျက်ရှိသည်။

ဆူဒန် ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် အဆိုပါဆည်ကြောင့် ဆူဒန်နိုင်ငံအတွက်မည်သည့်နစ်နာမှုမျိုးမှ ရှိလိမ့်မည်မဟုတ်ကြောင်း အီသီယိုးပီးယား ဝန်ကြီးချုပ် အဘီးအာမက်က အာမခံချက်ပေးခဲ့ကြောင်း သိရသည်။

KKO

# ရှေးအကျဆုံး အီဂျစ်ကျပ်စည်းရုပ်အလောင်း ကိုင်ရိုမြို့အနီး၌ တူးဖော်တွေ့ရှိ

**ကိုင်ရို ဇန်နဝါရီ ၂၇**

အီဂျစ်ကျပ်စည်းရုပ်အလောင်းများအနက် ရှေးအကျဆုံးရုပ်အလောင်းကို အီဂျစ်ရှေးဟောင်းသုတေသနပညာရှင်များက ကိုင်ရိုမြို့အနီး တူးဖော်တွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါကျပ်စည်းရုပ်အလောင်းသည် ဟီကာရှီးပက်စ်အမည်ရှိ အမျိုးသားတစ်ဦး၏ရုပ်အလောင်းဖြစ်ပြီး သက်တမ်းမှာ နှစ်ပေါင်း ၄၃၀၀ ရှိပြီဖြစ်ကြောင်း အီဂျစ်ရှေးဟောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

၎င်းကျပ်စည်းရုပ်အလောင်းကို စတက်ပိရမစ်အနီး တည်ရှိသော ပဉ္စမမြောက်နှင့် ဆဋ္ဌမမြောက် ဖာရိုမင်းဆက်များ၏ သင်္ချိုင်းဂူများနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

သဲကျောက်ခေါင်းတလားဖြင့် ထည့်သွင်းထားသော ဟီကာရှီးပက်စ်ကျပ်စည်းရုပ်အလောင်းကို အနက် ၁၅ ပေရှိ မြေအောက်ဂူအောက်ခြေ၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

အီဂျစ်ရှေးဟောင်းသုတေသနပညာရှင်များ၏အဆိုအရ ဟီကာရှီးပက်စ် ကျပ်စည်းရုပ်အလောင်းသည် သက်တမ်းအားဖြင့် ရှေးအကျဆုံးဖြစ်သလို အပြည့်စုံဆုံးကျပ်စည်းရုပ်အလောင်းလည်းဖြစ်နိုင်ကြောင်း သိရသည်။

အီဂျစ်သုတေသနပညာရှင်များသည် ပဉ္စမမြောက်နှင့်ဆဋ္ဌမမြောက် ဖာရိုမင်းဆက်များ သင်္ချိုင်း၌ အီဂျစ်လူမျိုးများ၏ အုတ်ဂူများကိုလည်း ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

KKO



# ထိုင်းနိုင်ငံက ဥတာပုံလေကြောင်းမြို့တော်သစ်ကို ယခုနှစ်အတွင်း စတင်တည်ဆောက်ရန် စီစဉ်



ဥတာပုံလေကြောင်းစက်မှုမြို့တော်စီမံကိန်း

**ဗန်ကောက် ဇန်နဝါရီ ၂၇**

ဥတာပုံအမည်ရှိ လေကြောင်းစက်မှုလုပ်ငန်း မြို့တော်သစ်ကို ယခုနှစ်အတွင်းစတင်တည်ဆောက်ရန် ထိုင်းနိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဥတာပုံ လေကြောင်းစက်မှုလုပ်ငန်းမြို့တော်သစ်ကို ဘတ်ငွေ ဘီလီယံ ၂၉၀ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၂ ဘီလီယံ) အကုန်အကျခံ တည်ဆောက်မည်ဖြစ်ပြီး တည်ဆောက်ရေး လုပ်ငန်းများအား ယခုနှစ်စပိုင်းတွင် စတင်မည်ဖြစ်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဥတာပုံ လေကြောင်းစက်မှုမြို့တော်စီမံကိန်းသည် စီမံကိန်းစတင်ပြီး ပထမငါးနှစ်အတွင်း အလုပ်အကိုင်နေရာ ၁၅၆၀၀ ကိုဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ဥတာပုံမြို့တော်သစ် စီမံကိန်းအရ အဆိုပါလေဆိပ်ကို ဒွန်မောင်းလေဆိပ်၊ သုဝဏ္ဏဘူမိလေဆိပ်တို့နှင့်ချိတ်ဆက်ထားသောနိုင်ငံတကာလေဆိပ်အဖြစ် အသွင်ပြောင်းလဲတည်ဆောက်မည်ဖြစ်သည်။

ဥတာပုံ လေကြောင်းမြို့တော်သစ်ကို ထိုင်းနိုင်ငံအရှေ့ပိုင်း၌ တည်ဆောက်မည်ဖြစ်ပြီး မြို့တော်အကျယ်အဝန်းမှာ ဟက်တာပေါင်း ၁၀၄၀ ဟက်တာထိရှိမည်ဖြစ်သည်။

ဥတာပုံ လေကြောင်းမြို့တော်သစ်၌ လွတ်လပ်သည့်ကုန်သွယ်ရေးဇုန်တစ်ခု၊ လေကြောင်းပျံသန်းမှုလေ့ကျင့်ရေးဗဟိုဌာနတစ်ခုအပြင် လေယာဉ်ပြုပြင် ထိန်းသိမ်းရေးအလုပ်ရုံများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

KKO

# ဂါဇာစစ်သွေးကြွများ၏ ဒုံးကျည်တိုက်ခိုက်မှုကို လေကြောင်းထိုးစစ်များဖြင့် အစ္စရေးပြန်လည်တုံ့ပြန်

**ဂျေရုဆလင် ဇန်နဝါရီ ၂၇**

ပါလက်စတိုင်း စစ်သွေးကြွများ၏ ဒုံးကျည်တိုက်ခိုက်မှုများကို ပြန်လည် တုံ့ပြန်သည့်အနေဖြင့် အစ္စရေးဂျက်တိုက်လေယာဉ်များက ယနေ့နံနက်ပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသရှိ စစ်သွေးကြွပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂါဇာကမ်းမြောင် အခြေစိုက် စစ်သွေးကြွများသည် ဇန်နဝါရီ ၂၆ ရက် ညပိုင်းတွင် အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့်ပစ်ခတ်ခဲ့ရာ ဂါဇာကမ်းမြောင်တောင်ပိုင်းနှင့် နယ်စပ်ချင်းထိစပ်နေသော အစ္စရေးလူနေဒေသများ၌ လေကြောင်းရန်ကာကွယ်ရေး အချက်ပေးသံများ ထုတ်လွှင့်ခဲ့ရသည်။

အနောက်ဘက်ကမ်း ဒေသရှိ ဒုက္ခသည်စခန်းတစ်ခုကို အစ္စရေးစစ်ဘက်က ဇန်နဝါရီ ၂၆ ရက်တွင် ဝင်ရောက်စီးနင်းခဲ့ပြီးနောက် ပါလက်စတိုင်းအုပ်စုများကအစ္စရေးကိုဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အနောက်ဘက်ကမ်း ပါလက်စတိုင်းဒုက္ခသည်စခန်း စီးနင်းမှုအတွင်း ပါလက်စတိုင်းသေနတ်သမားများနှင့် အရပ်သားနှစ်ဦးအပါအဝင် လူပေါင်း ကိုးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အစ္စရေးနှင့် အနောက်ဘက်ကမ်းဒေသသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် မလာရောက်မီ ရက်ပိုင်းအလိုတွင် အနောက်ဘက်ကမ်းပါလက်စတိုင်းဒုက္ခသည်စခန်းကို အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက စီးနင်းခဲ့ကြခြင်းဖြစ်သည်။

အနောက်ဘက်ကမ်းဒေသအကြမ်းဖက်မှုများနှင့်ပတ်သက်၍စိုးရိမ်ပူပန်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

KKO



# ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကိုရီးယားနှစ်နိုင်ငံစလုံး အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခဲ့ဟု ကုလသမဂ္ဂစစ်ဌာနချုပ်ထုတ်ပြန်

**ဆိုးလ် ဇန်နဝါရီ ၂၇**

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နိုင်ငံတို့သည် ဝေဟင်ပိုင်နက်များ အပြန်အလှန် ချိုးဖောက်ခဲ့ခြင်းဖြင့် ကိုရီးယားကျွန်းဆွယ် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်ခဲ့ကြသည်ဟု ကိုရီးယားကျွန်းဆွယ်အခြေစိုက် ကုလသမဂ္ဂစစ်ဌာနချုပ်က ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၆ ရက်တွင် မြောက်ကိုရီးယားမောင်းသူမဲ့လေယာဉ်ငါးစင်းသည် နှစ်နိုင်ငံနယ်စပ်ကိုဖြတ်ကျော်၍ တောင်ကိုရီးယားဝေဟင်အတွင်း ဝင်ရောက်ပျံသန်းခဲ့ရာ တောင်ကိုရီးယားနိုင်ငံက ဂျက်တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များ အရေးပေါ် စေလွှတ်ခဲ့ရသည်။

ထို့အတူ တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယား စစ်စခန်းများကို ဓာတ်ပုံရိုက်ကူးရေးအတွက် ကင်းထောက်လေယာဉ်တစ်စင်းကိုလည်း မြောက်ကိုရီးယားဝေဟင်အတွင်း စေလွှတ်ခဲ့သည်။

သို့သော် ပြီးခဲ့သည့်နှစ်ဒီဇင်ဘာ ၂၆ ရက်ဖြစ်စဉ်များအတွင်း တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံစလုံးသည် ဝေဟင်ပိုင်နက်များ အပြန်အလှန်ချိုးဖောက်ခြင်းဖြင့်ကိုရီးယားကျွန်းဆွယ်စစ်ပွဲအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကိုချိုးဖောက်ခဲ့ကြကြောင်းကုလသမဂ္ဂစစ်ဌာနချုပ်ကြေညာချက်၌ ဝေဖန်ထားသည်။

၁၉၅၀-၁၉၅၃ ကိုရီးယားကျွန်းဆွယ်စစ်ပွဲသည် ငြိမ်းချမ်းရေးစာချုပ်ဖြင့် ပြီးဆုံးခဲ့ခြင်းမဟုတ်ဘဲ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ ဦးဆောင်သော ကုလသမဂ္ဂစစ်ဌာနချုပ်သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ကိုရီးယားကျွန်းဆွယ်စစ်ပွဲပြီးဆုံးပြီးနောက် ကိုရီးယားနှစ်နိုင်ငံ စစ်မဲ့ဇုန်နယ်စပ်ကို စောင့်ကြည့်ပေးနေသော ကုလစစ်ဌာနချုပ်ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Rocket Lab အာကာသနည်းပညာကုမ္ပဏီက အမေရိကန်မြေပေါ်မှတစ်ဆင့် ဂြိုဟ်တုလွှတ်တင်မှုကို ပထမဆုံးအကြိမ်ပြုလုပ်ခဲ့



**ဝါရှင်တန် ဇန်နဝါရီ ၂၇**

Rocket Lab အာကာသနည်းပညာကုမ္ပဏီသည် အမေရိကန် မြေပေါ်မှတစ်ဆင့် ဂြိုဟ်တုလွှတ်တင်မှုကို ဇန်နဝါရီ ၂၄ ရက်က ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၆ ရက်က ရေးသားတင်ပြထားသည်။

Rocket Lab အာကာသနည်းပညာကုမ္ပဏီသည် ပုဂ္ဂလိကရေဒီယိုကြိမ်နှုန်း ဂြိုဟ်တုသုံးစင်းကို သယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဝေါလ်လော့အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် အီလက်ထရွန်ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုသုံးစင်းကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၃၄၀ အကွာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မစ်ရှင်အောင်မြင်ခဲ့မှုကြောင့် Rocket Lab အာကာသနည်းပညာကုမ္ပဏီအနေဖြင့် အမေရိကန် အရှေ့ဘက်ကမ်းရိုးတန်းဒေသမှတစ်ဆင့် ဂြိုဟ်တုများလစဉ်လွှတ်တင်နိုင်ရေးအတွက် လမ်းစပွင့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

Rocket Lab အာကာသနည်းပညာကုမ္ပဏီသည် ယခင်က ၎င်း၏ အာကာသမစ်ရှင်များကို နယူးဇီလန်နိုင်ငံ မာအီရာကျွန်းဆွယ်မှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Rocket Lab အာကာသနည်းပညာကုမ္ပဏီသည် အမေရိကန် အရှေ့ဘက်ကမ်းရိုးတန်းမှတစ်ဆင့် ဂြိုဟ်တုများလွှတ်တင်နိုင်ရေးအတွက် ဝေါလ်လော့အာကာသစခန်း၌ ၂၀၂၀ ပြည့်နှစ်ကပင် ပစ်စင်တစ်ခုတည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

## 2023 BU ဂြိုဟ်သိမ်က ဇန်နဝါရီ ၂၇ ရက်တွင် ကမ္ဘာမြေကို စတုတ္ထအကြိမ်မြောက် အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

ခရီးသည်တင် ဘတ်စကားတစ်စင်းအရွယ်အစားရှိ 2023 BU ဂြိုဟ်သိမ်သည် ဇန်နဝါရီ ၂၇ ရက်က စတုတ္ထအကြိမ်မြောက်အဖြစ် ကမ္ဘာမြေကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း The Daily Mail သတင်းစာက ယနေ့ရေးသားတင်ပြထားသည်။

2023 BU အမည်ရှိ အဆိုပါဂြိုဟ်သိမ်သည် ဇန်နဝါရီ ၂၇ ရက်တွင် ကမ္ဘာနှင့်စံချိန်တင် အနီးဆုံးမှတ်အဖြစ် မိုင် ၂၁၀၀ အကွာသို့ရောက်ရှိခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါဂြိုဟ်သိမ်သည် နှစ် ၃၀၀ အတွင်း အနီးဆုံးမှတ်မှတစ်ဆင့် ကမ္ဘာမြေကို ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်သည်။



2023 BU ဂြိုဟ်သိမ်သည် ၁၉၀၀ ပြည့်နှစ်နှင့် ၂၂၀၀ ပြည့်နှစ်ကြားကာလအတွင်း ကမ္ဘာကိုအကြိမ်ပေါင်း ၃၀၀၀၀ ကျော် ဖြတ်ကျော်ရမည်ဖြစ်ရာ ဇန်နဝါရီ ၂၇ ရက် ဖြတ်ကျော်မှုသည် စတုတ္ထမြောက် အနီးဆုံးမှတ်မှဖြတ်ကျော်ပျံသန်းမှုဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အနံ ၁၂ ဒသမ ၄ ပေနှင့် အလျား ၂၇ ဒသမ ၈ ပေရှိသော 2023 BU ဂြိုဟ်သိမ်ကို နာဆာအဖွဲ့က ပြီးခဲ့သည့်ရက်သတ္တပတ်ကမှ တွေ့ရှိထားခြင်းဖြစ်သည်။

2023 BU ဂြိုဟ်သိမ်သည် ကမ္ဘာမြေကို အနီးကပ်ဖြတ်သန်းချိန်တွင် အမြန်နှုန်း တစ်နာရီလျှင်မိုင် ၃၃၀၀၀ ထိ ရှိခဲ့ကြောင်း သိရသည်။

KKO

## လူစီအာကာသယာဉ်လေ့လာရမည့် ကြာသပတေးဂြိုဟ်၏ ဂြိုဟ်သိမ်များစာရင်းတွင် ဂြိုဟ်သိမ်တစ်ခု ထပ်တိုးလာ

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လူစီအာကာသယာဉ် လေ့လာရမည့် ကြာသပတေးဂြိုဟ်၏ ဂြိုဟ်သိမ်များစာရင်းတွင် ဂြိုဟ်သိမ်တစ်ခု ထပ်တိုးလာကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၆ ရက်က ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းပေါ်ရှိ ထရိုဂျင်ဂြိုဟ်သိမ်များ ခေါ် ဂြိုဟ်သိမ်များကို လေ့လာရေးအတွက် လူစီအာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

နာဆာ၏ အစီအစဉ်အရ မစ်ရှင်သက်တမ်း ကာလတစ်လျှောက်တွင် လူစီအာကာသယာဉ်သည် ထရိုဂျင်ဂြိုဟ်သိမ်ပေါင်း ကိုးစင်းကို အနီးကပ်ဖြတ်ကျော်ပျံသန်းလေ့လာရန် စီစဉ်ထားသည်။

သို့ရာတွင် နာဆာအဖွဲ့သည် လူစီအာကာသယာဉ် လေ့လာရမည့် ဂြိုဟ်သိမ်များစာရင်း၌ 1999-VDS 7 အမည်ရှိ အခြားဂြိုဟ်သိမ်တစ်စင်းကိုပါ ဇန်နဝါရီ ၂၄ ရက်တွင် ထပ်မံထည့်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြားရှိ ဂြိုဟ်သိမ် ခါးပတ်ကွင်းနယ်မြေအတွင်းတည်ရှိသည့် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

လူစီ အာကာသယာဉ်သည် ပင်မမစ်ရှင်ဖြစ်သည့် ထရိုဂျင်ဂြိုဟ်သိမ်များဆီသို့မရောက်မီ 1999-VDS7 ဂြိုဟ်သိမ်ကို ဦးစွာလေ့လာမည်ဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## အိပ်စက်မှုမမှန်သည့်ဆယ်ကျော်သက်များ အရွယ်ရောက်ချိန်၌ MS ရောဂါဖြစ်နိုင်ခြေမြင့်မား

**စတော့ဟုမ်း ဇန်နဝါရီ ၂၇**

ညပိုင်းအိပ်ပျော်ရန် ခက်ခဲနေတတ်သော အိပ်စက်မှု မှုမမှန်သည့် ဆယ်ကျော်သက်များ၌ အရွယ်ရောက်လာချိန်တွင် ဗဟိုအာရုံနာ့ဗ်ဆဲလ်စနစ် ပျက်စီးမှုရောဂါ(MS) ဖြစ်ပွားနိုင်ခြေမြင့်မားလာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၆ ရက်က ရေးသားတင်ပြထားသည်။

ညပိုင်းအိပ်စက်ချိန်နည်းလွန်းသူ၊ အိပ်ပျော်ရန်ခက်ခဲသူ ဆယ်ကျော်သက်များအနေဖြင့် အရွယ်ရောက်လာချိန်တွင် MS ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ MS လူနာ ၂၁၀၀ ခန့်နှင့် ပုံမှန်ကျန်းမာရေးရှိသော အရွယ်ရောက်သူ ၃၂၀၀ ကျော်တို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ ဆယ်ကျော်သက်အရွယ်၌ အိပ်စက်ချိန်တိုတောင်းလွန်းခဲ့သော သို့မဟုတ် အိပ်ပျော်ရန် ခက်ခဲတတ်သောသူများ၌ MS ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်အိပ်စက်ချိန်ရှိသူများထက် ၅၀ ရာခိုင်နှုန်း ပိုများကြောင်းသိရသည်။

MS ရောဂါသည် လူတို့၏ဗဟိုအာရုံ နာ့ဗ်ဆဲလ်စနစ်ကိုပစ်မှတ်ထားတိုက်ခိုက်တတ်သော အာရုံနာ့ဗ်ဆဲရောဂါတစ်မျိုးဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိပ်စက်မှုမမှန်မှုပြဿနာသည်လည်း MS ရောဂါ၏ရှေ့ပြေးအကြောင်းတရားတစ်ရပ် ဖြစ်နိုင်ကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## လူနာများ၌ စိတ်ကျဝေဒနာဝင်ရောက်နေမှု ရှိ၊ မရှိ လက်ဆွဲနှုတ်ဆက်ခြင်းဖြင့် ဖော်ထုတ်လာနိုင်ဖွယ်ရှိ

**ဆိုးလ် ဇန်နဝါရီ ၂၇**

ဆေးပညာရှင်များအနေဖြင့် လူနာများနှင့် လက်ဆွဲနှုတ်ဆက်ခြင်းဖြင့် ၎င်းလူနာများ၌ စိတ်ကျဝေဒနာ စတင်ဝင်ရောက်နေမှု ရှိ၊ မရှိကို ဖော်ထုတ်လာနိုင်ဖွယ်ရှိကြောင်းThe Daily Mail သတင်းစာက ဇန်နဝါရီ ၂၆ ရက်က ရေးသားတင်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ ယွန်ဆိုးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၅၁၀၀၀ ကျော်တို့ကို လေ့လာစောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ လက်ဆွဲနှုတ်ဆက်ရာ၌ လက်ညှစ်အားနည်းသူများသည် လက်ညှစ်အားကောင်းသူများထက် စိတ်ကျဝေဒနာ ဝင်နိုင်ခြေ သုံးဆထိပိုမြင့်မားကြောင်း သိရသည်။

လက်ဆွဲနှုတ်ဆက်ချိန် လက်ညှစ်အားအဆင့်နှင့် စိတ်ကျဝေဒနာဝင်နိုင်ခြေ မြင့်မားမှုတို့ကြားမည်သို့မည်ပုံဆက်စပ်နေသည်ကို မသိရသေးသော်လည်း လက်ဆွဲနှုတ်ဆက်ရာ၌ လက်ညှစ်အားနည်းပါးမှုသည် တစ်ခါတစ်ရံ စိတ်ကျန်းမာရေးပြဿနာများနှင့် ဆက်စပ်နေတတ်သည့် ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုကင်းမဲ့ခြင်း၏ နောက်ဆက်တွဲဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာခွန်အားနည်းပါးမှု လက္ခဏာဖြစ်ကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက သုံးသပ်ထားသည်။

လက်ညှစ်အားသည် အသက်အရွယ်အလိုက် ပြောင်းလဲသွားတတ်ပြီး လက်ညှစ်အားအသန်ဆုံးအရွယ်မှာ အသက် ၂၀ ဝန်းကျင်ကာလများဖြစ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အီတလီစီးရီးအေ ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်များ

ML

### အေစီမီလန် Vs ဆက်ဆူအိုလို

**ကစားမည့်ရက်/အချိန် ၂၉-၁-၂၀၂၃ (ည ၀၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆက်ဆူအိုလို ၀ – ၀ အေစီမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေစီမီလန်** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **ဆက်ဆူအိုလို** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(သရေ)** |

အေစီမီလန်အသင်းဟာ ဒဏ်ရာရကစားသမားများနေတာကြောင့် နောက်ဆုံးငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေလို့ အခုပွဲစဉ်မှာ မဖြစ်မနေ နိုင်ပွဲရဖို့ ထပ်မံကြိုးပမ်းရမှာပါ။ ဆက်ဆူအိုလိုအသင်းကလဲ ခြေစွမ်းပိုင်းကျဆင်းနေတဲ့အပြင် အဝေးကွင်းခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ရမှတ်ရှာဖွေလာမဲ့ အေစီမီလန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အေစီမီလန် ၂ – ၁ ဆက်ဆူအိုလို**

### ဂျူဗင်တပ် Vs မွန်ဇာ

**ကစားမည့်ရက်/အချိန် ၂၉-၁-၂၀၂၃ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၂ – ၁ မွန်ဇာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဂျူဗင်တပ်** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |
| **မွန်ဇာ** | – | **ဝေး(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |

ဂျူဗင်တပ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အတ္တလန်တာအသင်းကို သရေရလဒ်သာကစားနိုင်ခဲ့တာကြောင့် အခုလို စုဖွဲ့မှုအားနည်းတဲ့အသင်းနဲ့ ဆုံချိန်မှာ ရမှတ်အပြည့် ရယူမှာသေချာပါတယ်။ မွန်ဇာကတော့ အသင်းလိုက်ကစားအားကောင်းပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် အသင်းကြီးတွေနဲ့ဆို ပေးဂိုးများနေတာကို တွေ့ရမှာပါ။ ဒါကြောင့် ဂျူဗင်တပ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဂျူဗင်တပ် ၂ – ၀ မွန်ဇာ**

### နာပိုလီ Vs ရိုးမား

**ကစားမည့်ရက်/အချိန် ၃၀-၁-၂၀၂၃ (နံနက် ၀၂း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိုးမား ၀ – ၁ နာပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **နာပိုလီ** | – | **အိမ်(နိုင်)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |
| **ရိုးမား** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

နာပိုလီအသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့သလို ကစားသမားအားလုံးဒဏ်ရာရ ပွဲပယ်မရှိတာကြောင့် အခုပွဲစဉ်ကို တိုက်စစ်မြင့်ကစားလာမှာပါ။ ရိုးမားအသင်းကတော့ ခံစစ်ကစားပုံတည်ငြိမ်ပေမဲ့ အခုရာသီအဝေးကွင်းပွဲစဉ်မှာ အသင်းကြီးတွေနဲ့ဆို ရှုံးကန်နေရပါတယ်။ ဒါကြောင့် အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်နေတဲ့ နာပိုလီကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – နာပိုလီ ၃ – ၁ ရိုးမား**

## အားကစားသတင်း အတိုအထွာများ

- စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် အေတီကိုအသင်းကို အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်း ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။
- စီရော်နယ်ဒိုဦးဆောင်သည့် အယ်နာဆာအသင်းသည် ဆော်ဒီစူပါဖလားပြိုင်ပွဲတွင် ပြိုင်ဘက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်၍ ထွက်ခွာခဲ့ရကြောင်း သိရသည်။
- ချီကာဂိုဖိုင်းယားအသင်း တိုက်စစ်မှူး ဒူရန်ကိုခေါ်ယူနိုင်ခဲ့သည့် အေဗီလာအသင်းက တိုက်စစ်မှူးတစ်ဦး ထပ်မံခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ML

# 2022 Golden Shoe Award ဆုကို ဘရုဂျ်အသင်းဂိုးသမား မင်နိုလက်ချ် ဆွတ်ခူး



**ဘရပ်ဆဲလ် ဇန်နဝါရီ ၂၇**

ဘယ်လ်ဂျီယံဘောလုံးလောကတွင် ဂုဏ်သိက္ခာအမြင့်ဆုံး တစ်ဦးချင်းဆုတံဆိပ်တစ်ခုဖြစ်သည့်2022 Golden Shoe Award ဆုကို ဘရုဂျ်အသင်းဝါရင့် ဂိုးသမား မင်နိုလက်ချ်က ဆွတ်ခူးနိုင်ခဲ့သည်ဟု The Brussels Time သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Golden Shoe Award ဆုကို ဘယ်လ်ဂျီယံလိဂ်ပြိုင်ပွဲတွင် ကစားနေသည့် ကစားသမားများမှ ရွေးချယ်ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး မင်နိုလက်ချ်ကခံစစ်၊ ကွင်းလယ်နှင့် တိုက်စစ်ကစားသမားများကို ကျော်ဖြတ်ပြီး ၁၉၈၇ ခုနှစ် နောက်ပိုင်း အဆိုပါဆုကိုရရှိခဲ့သည့် ပထမဆုံးဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

Golden Shoe Award ဆုကို ဂိုးသမား မင်နိုလက်ချ် မတိုင်မီက နောက်ဆုံးဆွတ်ခူးနိုင်ခဲ့သည့် ဂိုးသမားအဖြစ် ၁၉၈၇ ခုနှစ်က မစ်ဂျေးလန်းအသင်း ဂိုးသမား မီချယ်က ဆွတ်ခူးနိုင်ခဲ့ ပြီးနောက် မင်နိုလက်ချ်က ပထမဆုံးဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၄ နှစ်ရှိ မင်နိုလက်ချ်သည် လီဗာပူးအသင်းတွင် ပွဲထွက်ခွင့်မရရှိခဲ့သည့်အတွက် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ဘရုဂျ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်ပြီး ဘရုဂျ်အသင်းတွင် အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့ကာ အဓိကဂိုးသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်သည်။

ဂိုးသမား မင်နိုလက်ချ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘရုဂျ်အသင်းသမိုင်း တစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆) သင်း ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့ရာတွင် ၎င်း၏ လက်စွမ်းပြသမှုများက အဓိကနေရာမှ ပါဝင်လာခဲ့သည့်အတွက် Golden Shoe Award ဆုကိုခံစစ်၊ ကွင်းလယ်နှင့် တိုက်စစ်နေရာမှ ကစားသမားများအား ကျော်ဖြတ်၍ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ အမျိုးသမီး 2022 Golden Shoe Award ဆုကို ဂျန့်အမျိုးသမီးအသင်းမှ အီဗာရက်ဇ်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။ STA

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်သို့ ရိုင်ဘာကီနာ တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၂၇**

ဩစတြေးလျအိုးပင်းအမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါနှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက (၇-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း Euro News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်ဘာကီနာအနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲအမျိုးအစားတွင် ဒုတိယအကြိမ်မြောက် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ပထမတစ်ကြိမ် ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ခြင်းမှာ ၂၀၂၂ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင်ဖြစ်ပြီး ချန်ပီယံဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သည်။

ရိုင်ဘာကီနာက "ပြီးခဲ့တဲ့ ဝင်ဘယ်ဒန်မှာတုန်းက ကျွန်မဘဝအတွက် မကြုံတွေ့ဖူးခဲ့တဲ့အတွေ့အကြုံတွေရခဲ့တယ်။ တစ်ခါက်မှ မရောက်ဖူးသေးတဲ့ လောကတစ်ခုထဲကို ရောက်သွားသလို ခံစားခဲ့ရတယ်။ ဝင်ဘယ်ဒန်အတွေ့အကြုံဟာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို အများကြီး ကူညီပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဗိုလ်လုပွဲစဉ်မှာ ရင်ဆိုင်ရမဲ့ပြိုင်ဘက်ဟာ ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ အခက်အခဲတွေ အများကြီး ကြုံတွေ့ရလိမ့်မယ်။ အဲဒီအတွက် အကောင်းဆုံး ပြင်ဆင်သွားပါမယ်" ဟု ပြောကြားခဲ့သည်။




ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ရိုင်ဘာကီနာသည် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ AZL

# အင်တာမီလန်အသင်းက ခံစစ်ကစားသမား ဒါမီယန်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆို




**မီလန် ဇန်နဝါရီ ၂၇**

အင်တာမီလန် အသင်းသည် ယခုနှစ် ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ညာတောင်ပံ ခံစစ်ကစားသမား ဒါမီယန်ကို တစ်နှစ်သက်တမ်းတိုး စာချုပ် ထပ်မံချုပ်ဆိုနိုင်ခဲ့ကြောင်း Sempreinter.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဒါမီယန်သည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲ ၁၄ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ပုံစံကောင်း ပြသနိုင်ခဲ့သဖြင့် အင်တာမီလန်အသင်းတာဝန်ရှိသူများက ဒါမီယန်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသောကြောင့် တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးပါက နောက်ထပ်တစ်နှစ်သက်တမ်းတိုးနိုင်သည့် သဘောတူညီချက်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အင်တာမီလန်အသင်းသည် ဒါမီယန်၏ သက်တမ်းတိုးစာချုပ်နှင့်ပတ်သက်၍ နှစ်ဖက်သဘောတူညီချက်သာ ရရှိထားသော်လည်း တရားဝင် ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

ခံစစ်ကစားသမား ဒါမီယန်သည် ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၆ ခုနှစ်က အေစီမီလန်အသင်းနှင့် စတင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါလာမိုအသင်းသို့လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် တိုရီနိုအသင်းသို့လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် မန်ယူအသင်းသို့လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ပါးမားအသင်းသို့လည်းကောင်း ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာတွင် အသင်းနှင့်အတူခြေစွမ်းပြသနိုင်ခဲ့ပြီး စီးရီးအေချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ML

# Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို ဆမ်ရိုက်ဒါ ဦးဆောင်




**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဆမ်ရိုက်ဒါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း The Globe and Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားစတီလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိနေပြီး အာဂျင်တီးနားဂေါက်သီးရိုက်ကစားသမားဂိုယာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲကျင်းပနေသည့် ဆန်တာအန်နာဂေါက်ကလပ်သည် လေတိုက်နှုန်း ပြင်းထန်လေ့ရှိသည့် ဂေါက်ကလပ်ဖြစ်သလို ကစားရခက်သည့် ဂေါက်ကလပ်အဖြစ်လည်း သတ်မှတ်ခံထားရသည်။

ပထမနေ့တွင် ရလဒ်ကောင်းများရရှိခဲ့သော ပြိုင်ပွဲဝင်များမှာ ဒုတိယနေ့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ဒုတိယနေ့တွင် ဆမ်ရိုက်ဒါက အကောင်းဆုံး လက်စွမ်းပြနိုင်သည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ခဲ့သည်။

ဆမ်ရိုက်ဒါက "ဒုတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းက အားရကျေနပ်စရာ ကောင်းတယ်။ လက်ရှိကစားထားနိုင်တဲ့ ပုံစံကောင်းကို နောက်နေ့တွေမှာလဲ ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့လိုတယ်လို့လဲ ကိုယ့်ကိုယ်ကိုယ် သတိပေးထားတယ်။ ဆက်လက်ကြိုးစားဖို့ လိုအပ်တယ်လို့လဲ ခံစားမိတယ်။ နောက်ဆုံးနေ့ထိ ဒီပုံစံကောင်းကို ဆက်ထိန်းနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အဲဗာတန်အသင်းက ရှောင်ဒိုက်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန်နီးစပ်

**လန်ဒန် ဇန်နဝါရီ ၂၇**

အဲဗာတန်အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ဘန်လေအသင်း နည်းပြဟောင်း ရှောင်ဒိုက်ကို ခန့်အပ်နိုင်ရန်နီးစပ်လျက်ရှိနေပြီး နောက်ဆုံးအဆင့်ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဲဗာတန်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြလမ်းပတ်လက်အောက်၌ ရလဒ်ပိုင်း ဆက်တိုက်ဆိုးရွားနေပြီး ပွဲစဉ် (၂၀) အပြီးတွင် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့်အတွက် ပြီးခဲ့သည့် ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ လမ်းပတ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်းက နည်းပြသစ်အဖြစ် အစောပိုင်းက လိဒ်အသင်း နည်းပြဟောင်း ဘိုင်ယဲလ်ဆာကို ခန့်အပ်ရန်ကြိုးပမ်းခဲ့သော်လည်း လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေခဲ့သည့်အတွက် လက်လျှော့ခဲ့ပြီးနောက် မန်ယူအသင်းနည်းပြဟောင်း ဆိုးလ်ရှားကိုခန့်အပ်ရန် ဆွေးနွေးမှုများ ထပ်မံပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း နည်းပြဟောင်း ဆိုးလ်ရှားကို ခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း နည်းပြဆိုးလ်ရှားက ငှားခေါ်ယူလိုသည့် အသင်းဟောင်းမန်ယူအသင်းမှ ကစားသမားအများစုကို ခေါ်ယူပေးရန် တောင်းဆိုထားသည့်အတွက် လက်ရှိအသင်း ဘဏ္ဍာရေးအခြေအနေကြောင့် ခေါ်ယူပေးရန် မဖြစ်နိုင်သောကြောင့် ဆွေးနွေးမှုကို ရပ်စဲခဲ့ခြင်းဖြစ်သည်။




နည်းပြ ရှောင်ဒိုက်သည် ဘန်လေအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့စဉ်က ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အတွေ့အကြုံကောင်းများရှိသည့်အတွက် အဲဗာတန်အသင်းက နည်းပြခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီး လက်ရှိတွင် အကြိုသဘောတူညီမှု ရရှိခဲ့ပြီးနောက် နောက်ဆုံးအဆင့်စာချုပ်သက်တမ်းအတွက် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

STA

# အေဂျက်အသင်းက ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြရှူရှူဒါကို ရာထူးမှထုတ်ပယ်



**အမ်စတာဒမ် ဇန်နဝါရီ ၂၇**

နယ်သာလန်ကလပ် အေဂျက်အသင်းသည် အမှတ်ပေးပွဲစဉ်အဖြစ် ဗိုလန်ဒန်အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ကစားနိုင်ခဲ့သောကြောင့် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြရှူရှူဒါကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြရှူရှူဒါသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလက မန်ယူအသင်းသို့ ပြောင်းရွှေ့သွားသည့် နည်းပြ တန်ဟတ်နေရာတွင် အစားထိုးဝင်ရောက်ခဲ့သော်လည်း အမှတ်ပေးပြိုင်ပွဲ ၁၈ ပွဲတွင် ကိုးပွဲနိုင်၊ ခုနစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားအဆင့် (၅)နေရာထိကျဆင်းခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲ ခုနစ်ပွဲဆက်တွင် နိုင်ပွဲမရရှိဘဲ ရမှတ်ခြောက်မှတ်သာ ရရှိခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ဗိုလန်ဒန်အသင်းကို သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်အပြီးတွင် ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အေဂျက်အသင်းနှင့် နှစ်နှစ်စာချုပ် ချုပ်ဆိုထားသည့် နည်းပြရှူရှူဒါသည် အသင်းနှင့် စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း ရလဒ်ပိုင်း ဆိုးရွားလာမှုကြောင့် နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းခဲ့ပြီး ရာထူးမှနုတ်ထွက်ခဲ့ကြောင်း သိရသည်။

အေဂျက်အသင်း အမှုဆောင်ဥက္ကဋ္ဌ ဗန်ဒါဆားက"ကျွန်တော်တို့အသင်းအနေနဲ့ ရာစီအစမှာ ပုံစံကောင်းတွေနဲ့စတင်နိုင်ခဲ့လို့ ရမှတ်ဆုံးရှုံးမှုမရှိခဲ့ပါဘူး။ ဒါပေမဲ့ ကမ္ဘာ့ဖလားမတိုင်ခင်ကာလ အောက်တိုဘာ ၂၃ ရက်က ဝေါလ်ဝီဂျက်နဲ့ ကစားပြီးနောက်ပိုင်း ရလဒ်ပိုင်းကျဆင်းခဲ့တာပါ။ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ သက်ရောက်မှုကြောင့်လို့ထင်ပြီး နည်းပြရှူရှူဒါကို အချိန်ထပ်မံပေးခဲ့ပါတယ်။ ဒါပေမဲ့ အခုချိန်ထိ အသင်းရဲ့ရလဒ်ပိုင်းက တိုးတက်မှုမရှိတော့တာကြောင့် လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ရတာပါ။ ဒီလိုဆုံးဖြတ်ချက်ချရတာ အရမ်းခက်ခဲပေမဲ့ အသင်းရဲ့လိုအပ်ချက်ကြောင့် ပြုလုပ်ခဲ့ရတာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# ပြင်သစ်လီဂူးပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်များ

STA

**နိုက် Vs လိုင်လီ**

**ကစားမည့်ရက်/အချိန် ၂၉-၁-၂၀၂၃ (ည ၀၆:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၁ - ၂ နိုက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နိုက် | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |
| လိုင်လီ | - | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိတဲ့ နိုက်အသင်းဟာ လိုင်လီအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ လိုင်လီအသင်းကလဲ ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်နေတယ်ဆိုပေမဲ့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလဲ ရုန်းကန်ရပါလိမ့်မယ်။ ဒါကြောင့် နိုက်အသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - နိုက် ၁ - ၀ လိုင်လီ**

**ပီအက်စ်ဂျီ Vs ရိမ်း**

**ကစားမည့်ရက်/အချိန် ၃၀-၁-၂၀၂၃ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိမ်း ၀ - ၀ ပီအက်စ်ဂျီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | - | ဝေး(ရှုံး) | ဝေး(နိုင်) | ဝေး(နိုင်) |
| ရိမ်း | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |

ရိမ်းအသင်းဟာ ပထမအကျော့က သရေရလဒ်ရရှိအောင်စွမ်းဆောင်ထားနိုင်ခဲ့တယ်ဆိုပေမဲ့ အခုအဝေးကွင်းပွဲစဉ်မှာတော့ ပီအက်စ်ဂျီအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့တော့ခက်ခဲမှာပါ။ ပီအက်စ်ဂျီအသင်းရဲ့ခြေစွမ်းပိုင်းကလဲ ရိမ်းအသင်းကိုအနိုင်ရယူဖို့မခက်ခဲနိုင်ပါဘူး။ ဒါကြောင့် ပီအက်စ်ဂျီအသင်းရဲ့ အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း - ပီအက်စ်ဂျီ ၃ - ၀ ရိမ်း**

# ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်များ

STA

**ရှော့လ်ကေး Vs ကိုလုံး**

**ကစားမည့်ရက်/အချိန် ၂၉-၁-၂၀၂၃ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကိုလုံး ၃ - ၁ ရှော့လ်ကေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရှော့လ်ကေး | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |
| ကိုလုံး | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |

နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်ရှုံးပွဲကြုံထားတဲ့ ရှော့လ်ကေးအသင်းဟာ အိမ်ကွင်းဆိုပေမဲ့ ရုန်းကန်ရဖို့ရှိနေပါတယ်။ ကိုလုံးအသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲအနိုင်ရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းကိုသာ သရေရလဒ်ရရှိထားတဲ့ထိ ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေပါတယ်။ ဒါကြောင့် ကိုလုံးအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရှော့လ်ကေး ၀ - ၂ ကိုလုံး**

**လေဗာကူဆင် Vs ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၂၉-၁-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၁ - ၀ လေဗာကူဆင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဒေါ့မွန် | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

နှစ်သင်းစလုံးနောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေ ဆက်တိုက်ကောင်းမွန်ပြီး နိုင်ပွဲကိုယ်စီ ရရှိနေကြတယ်ဆိုပေမဲ့ ဒေါ့မွန်အသင်းရဲ့ အဝေးကွင်းခံစစ်ပိုင်းကတော့စိတ်ချလို့မရပါဘူး။ လေဗာကူဆင်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရရှိထားတဲ့ထိ ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိနေတဲ့ လေဗာကူဆင်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - လေဗာကူဆင် ၃ - ၂ ဒေါ့မွန်**

# ဝန်စာရေးဦးကြီး၏ ချဉ်ပေါင်ရွက်သည်မောင်မှိုင်း

၁၉၀၄ ခုနှစ် ဆရာကြီးဂျိမ်းလှကျော်၏ မောင်ရင်မောင်၊ မမယ်မ ဝတ္ထု ထွက်ပေါ်လာပြီး မကြာမီ ဝန်စာရေးဦးကြီး၏ “ချဉ်ပေါင်ရွက်သည်မောင်မှိုင်း” ဟူသောဝတ္ထု ထွက်လာသည်။

နန်းတွင်း ဇာတ်ဝတ္ထုများဖြင့် ငြီးငွေ့နေကြသော စာဖတ်သူများသည် လူ့ဘဝ၊ လူ့သရုပ်၊ လူတွေအကြောင်း ရေးသားဖော်ပြလာကြသည့်ခေတ်သစ်ဝတ္ထုများဖြစ်သည့် “မောင်ရင်မောင်၊ မမယ်မ”ဝတ္ထုကို သဘောကျနှစ်ခြိုက်ကြသကဲ့သို့ ဝန်စာရေးဦးကြီး၏ “ချဉ်ပေါင်ရွက်သည်မောင်မှိုင်း” ဝတ္ထုကိုလည်း သဘောကျလက်ခံလာကြသည်။

ဝန်စာရေးဦးကြီးသည် ၁၈၅၈ ခုနှစ်တွင် မွေးသည်။ သူသည် သီပေါမင်းလက်ထက်က တိုင်တားမင်းကြီး၏ ဝန်စာရေးဖြစ်သည်။ စာရေးဆရာကြီး ကျော်အောင်က “ချည်ပေါင်ရွက်သည်မောင်မှိုင်း” ဝတ္ထုအပေါ် ဤသို့ မှတ်ချက်ချခဲ့သည်။

“ချဉ်ပေါင်ရွက်သည်မောင်မှိုင်း”သည် ရှေးအကျဆုံး အရေးအသားဖြစ်ပြီး နန်းတွင်းဝတ္ထုပုံစံကို ထိန်းသိမ်းသည့် ခေတ်ပေါ်ဂန္ထဝင်စာပေစာရင်းတွင် တင်နိုင်သော လက်ရာတစ်ခုဟု ယူချင်ပါသည်ဟုဆိုသည်။ ဆက်ပြီး သုံးသပ်ရာတွင်-

ဝန်စာရေးဦးကြီးသည် မောင်မှိုင်း၏ အလိမ်ခံခဲ့ကြရသော အမျိုးသမီးတို့ကို ကရုဏာဖြစ်ခဲ့သလား၊ ထိုအချက်သည် မကွဲပြားဟု ထင်သည်။ မည်သို့ပင်ဖြစ်စေ လူလိမ်လူကောက်၊ လူချို၊ လူပလီတို့၏ ကိုယ်နှုတ်နှလုံးအမူအရာတို့ကိုကား တင်ပြနိုင်ခဲ့သည်။ ချဉ်ပေါင်ရွက်သည်မောင်မှိုင်းသည် ထိုခေတ်က အလွန်ခေတ်စား လူကြိုက်များသော ဝတ္ထုဖြစ်ခဲ့သည်။

ဝတ္ထုဇာတ်လမ်းအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။ ဇာတ်လိုက်မောင်မှိုင်းသည် ကြာသမား၊ မိန်းမလိုက်စားသူ၊ အပျော်အပါးကို စိတ်ဝင်စား ကျင့်ကြံသူဖြစ်သည်။ သူများ သမီးပျိုတို့ကို ဖျက်ဆီးသည်။ ဝင်းမှူးကြီးသမီး ခင်လေးကြီး၊ မင်းလှသူ ဥစ္စာရှိ မုဆိုးမ မအေးကြွယ်၊ မအေးကြွယ်၏ သမီးကြီး မမကြီး၊ သမီးငယ် မမလေး၊ ပြည်မြို့ ပွဲစားကြီးသမီး မယ်ဝန်၊ ရန်ကုန်မြို့ ဘာဘူကြီးသမီး ခင်ဘီဘီတို့နှင့် ငြိစွန်းကာ ပစ္စည်းချူ လူကိုယူပုံတို့ကို ရေးသားတင်ပြထားသည်။

အင်းဝဘုရင်ကလည်း မောင်မှိုင်းကို သူကောင်းပြုထားသည်။ ဤကား ရောဝတီမြစ်ရိုးတစ်လျှောက် ပွေလီရှုပ်ထွေးပြီး မယားအများယူကာ ပျော်မြူးကလိမ်ကျနေသည့် ချဉ်ပေါင်ရွက်သည်မောင်မှိုင်း၏ ဇာတ်ဖြစ်သည်။

ချဉ်ပေါင်ရွက်သည်မောင်မှိုင်းဝတ္ထုမှာ နိုင်ငံရပ်ခြားစာပေမှ မှီငြမ်းကိုးကားထားခြင်းမရှိဘဲ အစောဆုံးပေါ်ပေါက်လာသည့် မြန်မာဝတ္ထုဖြစ်သည်ဟု ဆိုနိုင်သည်။ ဇာတ်လမ်းမှာ ဦးကြီး၏စိတ်ကူးဉာဏ်ဖြင့် ဖန်တီးထားသောဇာတ်ဖြစ်သည်။ မောင်မှိုင်းကဲ့သို့သော လူလိမ်၊ လူမိုက်၊ မြှာပွေသူတစ်ဦးကို ဝန်စာရေးဦးကြီး သူ့ဝန်းကျင်တွင် တွေ့ရှိခဲ့ဟန်တူသည်။

**❖ ချဉ်ပေါင်ရွက်သည်မောင်မှိုင်းသည် ထိုခေတ်က အလွန်ခေတ်စား လူကြိုက်များသောဝတ္ထု ဖြစ်ခဲ့သည်။ ဝတ္ထုဇာတ်လမ်းအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။ ဇာတ်လိုက်မောင်မှိုင်းသည် ကြာသမား၊ မိန်းမလိုက်စားသူ၊ အပျော်အပါးကို စိတ်ဝင်စားကျင့်ကြံသူဖြစ်သည်။ သူများသမီးပျိုတို့ကို ဖျက်ဆီးသည်။ ဝင်းမှူးကြီးသမီး ခင်လေးကြီး၊ မင်းလှသူ ဥစ္စာရှိ မုဆိုးမ မအေးကြွယ်၊ မအေးကြွယ်၏ သမီးကြီး မမကြီး၊ သမီးငယ် မမလေး၊ ပြည်မြို့ပွဲစားကြီးသမီး မယ်ဝန်၊ ရန်ကုန်မြို့ ဘာဘူကြီးသမီး ခင်ဘီဘီတို့နှင့်ငြိစွန်းကာ ပစ္စည်းချူ လူကိုယူပုံ တို့ကို ရေးသားတင်ပြထားသည်။ ❖**

ထို့ကြောင့် နန်းတွင်းဇာတ်များဖြင့် ရိုးအီနေကြကုန်သော စာဖတ်သူများအား လူ့ဘဝ၊ လူ့သရုပ်၊ လူ့အဖြစ်တို့ကို “ချဉ်ပေါင်ရွက်သည်မောင်မှိုင်း”ဝတ္ထုဖြင့် စိတ်နှလုံး ကြည်မွေ့စေလိုဟန်လည်း ရှိစေချင်ဟန်ရှိသည်။ တကယ်တော့ “ချဉ်ပေါင်ရွက်သည်မောင်မှိုင်း”ဝတ္ထုသည် ထိုခေတ်က အပျော်ဖတ်ဝတ္ထုဟု ဆိုနိုင်သည်။

မောင်မှိုင်းဝတ္ထုတွင် ဇာတ်ကောင်မောင်မှိုင်းသည် ဝတ္ထုထဲတွင် မိုက်မဲလိုက်၊ တရားရလိုက်နှင့် သူတစ်ဦးတည်း၏ အကောင်းစိတ်၊ မကောင်းစိတ် (အဆိုးစိတ်)တို့ အားပြိုင်နေပုံကို ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။ မြန်မာဘုရင်များလက်ထက်က မှူးမတ်အသိုင်းအဝိုင်း၏သရုပ် အတော်ပေါ်လွင်သည်ဟု ဆိုကြသည်။ မှူးမတ်အသိုင်းအဝိုင်းကို သရော်လှောင်ပြောင်ထားဟန်လည်း တွေ့ရသည်။

“ချဉ်ပေါင်ရွက်သည်မောင်မှိုင်း” ဝတ္ထုရှည်သည် ၁၉၀၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၄၀ ပြည့်နှစ်၊ ၁၉၆၀ ပြည့်နှစ်တို့တွင် တစ်ကြိမ်စီ လေးကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရသည်ဟု သိရသည်။

ဝန်စာရေးဦးကြီးတို့ခေတ်က မြန်မာ့လူမှုပတ်ဝန်းကျင်ရှိ စာဖတ်သူများသည် ချစ်ခန်း၊ ကြိုက်ခန်း၊ လွမ်းခန်း၊ ဆွေးခန်းများပါဝင်ရေးဖွဲ့နိုင်လျှင် လူကြိုက်များလှ၏။ ဝန်စာရေးဦးကြီးက ပရိသတ်၏အထာကို နားလည်သည်။ ပရိသတ်အကြိုက် ရေးနိုင်သည်။

ဝန်စာရေးဦးကြီးကို မြန်မာဝတ္ထုသမိုင်းတွင် အများကြိုက် ဝတ္ထုဇာတ်လမ်းကို ရေးဖွဲ့နိုင်သည့် ပထမဆုံး မြန်မာစာရေးဆရာဖြစ်သည်ဟု ဆိုနိုင်မည်ထင်သည်။ ဝန်စာရေးဦးကြီးသည် “ချဉ်ပေါင်ရွက်သည်မောင်မှိုင်း” ဝတ္ထုအပြင်“မြကလေး”၊ “မောင်ဘသန်း”၊ “မသန်းမေ”၊ “စိန်ကလေး”ဝတ္ထုတို့ကိုလည်း ရေးသားခဲ့သည်။

ဝန်စာရေးဦးကြီး “ချဉ်ပေါင်ရွက်သည် မောင်မှိုင်း” ဝတ္ထုကို ရေးဖြစ်ခဲ့ပုံမှာ ဟံသာဝတီပုံနှိပ်တိုက်က ဝန်စာရေးဦးကြီးထံ စာမူတောင်းရာ ဇာတကမှတစ်ပါး ကာမဂုဏ်နှင့်စပ်လျဉ်းသော လောကီဇာတ်လမ်း၊ ဇာတ်ကွက်ကို ဖတ်ရှုလိုသော စာဖတ်ပရိသတ်အတွက် ဘိုးတော်ဘုရားလက်ထက် ပညာရှိပိဋကတ်တိုက်အုပ် ဦးပညာ၏သား မောင်မှိုင်းသည် ဖခင်ကွယ်လွန်ပြီးသောအခါ ဘိုးတော်သူကောင်းပြုသည်ကို အခွင့်ကောင်းယူပြီး ပွေလိမ်ညာသွမ်း မြှာပွေခဲ့ဖူးသော မောင်မှိုင်းကို ဇာတ်လိုက်ပြု၍ ဝန်စာရေးဦးကြီးက ချဉ်ပေါင်ရွက်သည်မောင်မှိုင်း ဝတ္ထုကို ရေးခဲ့ခြင်းဖြစ်သည်ဟု သုတေသနပညာရှင်များက ဆိုပါသည်။

ချဉ်ပေါင်ရွက်သည်မောင်မှိုင်းဟူသော အမည်ကား ထိုခေတ်က အလွန်ဆိုးသွမ်းမိုက်မဲကောက်ကျစ်၊ လိမ်ညာခဲ့သည့် မြှာပွေသူ၊ ကာမဂုဏ်တွင်ပျော်မွေ့သူတစ်ဦးအဖြစ် စံတင်ထားရသည့် လူမိုက်ထိပ်ခေါင် ဇာတ်လိုက်ကျော်ကြီးတစ်ဦးဖြစ်သည်။

ဤကဲ့သို့ ဆိုးမိုက်လှသည့် မကောင်းသတင်းများ၊ ပုပ်သိုးနံစော်နေသော နာမည်ဆိုးပိုင်ရှင် မောင်မှိုင်း၏ အမည်ရှေ့တွင် ဆရာကြီးဦးလွန်း(သခင်ကိုယ်တော်မှိုင်း)က မစ္စတာဟူသော စကားလုံးဖြင့် မစ္စတာမောင်မှိုင်းဟူသော ကလောင်ကိုယူကာ ဋီကာကျမ်းများကို ရေးသားခဲ့သည်။

ထိုခေတ်က အနောက်တိုင်းယဉ်ကျေးမှုကို နှစ်သက်သဘောကျသည့် မြန်မာတချို့သည် သူတို့၏ နာမည်ရှေ့တွင် မစ္စတာဟူသော စကားလုံးကိုတပ်ဆင်ကာ ဂုဏ်ယူနေကြချိန်ဖြစ်သည်။ ဆရာလွန်းကား မိမိတို့၏မြန်မာနာမည်ရှေ့တွင် မစ္စတာတပ်သည်ကို အလွန်မျက်မုန်းကျိုးလေရကား အလွန်တရာမြှာပွေ၊ ဆိုးညစ်၊ ယုတ်မာ၊ ရိုင်းစိုင်း၊ လိမ်ညာ၊ ကောက်ကျစ်သော “ချဉ်ပေါင်ရွက်သည် မောင်မှိုင်း”ရှေ့တွင် မစ္စတာတပ်ကာ မစ္စတာမောင်မှိုင်းဟူသော ကလောင်အမည်ကို ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီးလက်ခံသူ မြန်မာတချို့က အလွန်ဒေါပွကာ မကျေမနပ်ဖြစ်ခဲ့ကြသည်ဟု သိရသည်။ နောင်ဆရာကြီးဦးလွန်း တို့ဗမာအစည်းအရုံးသို့ရောက်မှ သခင်ကိုယ်တော်မှိုင်းဟူသောအမည်ကို ခံယူခဲ့ခြင်းဖြစ်သည်။

ဝန်စာရေးဦးကြီး၏ ချဉ်ပေါင်ရွက်သည်မောင်မှိုင်းကား ဤမျှမြန်မာစာပေနှင့် လူမှုရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်တို့တွင် မှတ်သားစရာအဖြာဖြာနှင့် စာပေဇာတ်ခုံပေါ်တွင် နေရာယူခဲ့သည်ကို တွေ့မြင်၊ ကြားသိ၊ မှတ်သားမိခဲ့ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- မလိခ၏ မြန်မာဝတ္ထုအညွန်း**

**ပုသိမ်အောင်သန်းဦး**

# ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံဧက ၉၅၀ စိုက်ပျိုးပြီးစီး

**မုံရွာ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံဧက ၉၅၀ စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံသီးနှံဧက ၉၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ဇန်နဝါရီ ၂၆ ရက်က ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ရေဦးခရိုင် ဆောင်းကာလမှာ ဂျုံသီးနှံဧက ၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဇန်နဝါရီ ၂၆ ရက်ထိ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးပြီးစီးပါပြီ။ ဂျုံစိုက်ပျိုးရာမှာ ဂျုံအထွက်နှုန်းတိုးဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုကာကွယ်နိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟုစစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ရေဦးခရိုင်တွင် ဂျုံသီးနှံဧကစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၈၅၁ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၉၉ ဧက စုစုပေါင်း ဧက ၉၅၀ ဖြစ်ကြောင်း၊ ဂျုံသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံအထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊ တောင်သူများ လိုအပ်သည့် ယူရီးယားမြေဩဇာကို အကျိုးရှိရှိ သုံးစွဲတတ်ရန်၊ ဂျုံသီးနှံစိုက်ပျိုးရာတွင်လည်း ကုန်ကျစရိတ်နည်းနည်းဖြင့် စိုက်ပျိုးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် ၃၀၀၀၀၀ ခန့်ရှိပြီး အထွက်နှုန်းအနေဖြင့် ဂျုံတစ်ဧကလျှင် ၂၁ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂျုံစိုက်ပျိုးမှုအနေဖြင့် မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့်ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# Ceremony to enshrine religious objects in the reliquaries held at the centre point on Yadana Throne of Maravijaya Buddha Image


Senior General Min Aung Hlaing and a Sayadaw put a golden box containing religious objects into a reliquary.


A Sayadaw sprinkles scented water on a reliquary in which religious objects are enshrined.


Senior General Min Aung Hlaing sprinkles scented water on a reliquary in which precious objects are enshrined.


Senior General Min Aung Hlaing and party revere religious verses recited by Sayadaws.

**Nay Pyi Taw January 27**

A ceremony to enshrine religious objects in the reliquaries was held this morning at the centre point on the Yadana Throne of Maravijaya Buddha Image in Maravijaya Buddha Park in Dekkhinathiri Township, Nay Pyi Taw, Union Territory.

Present at the ceremony were Sayadaws led by Ovadacariya Sayadaw of Maravijaya Buddha Image Construction Patron of Mingala Zeyon Monastery, Pali University, Pyinmana, Nay Pyi Taw Sayadaw Agga Maha Pandita Saddhammajotikadhaja Bhaddanta Vimalabuddhi, the main donor Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and other donors.

First, the Senior General paid respects to Sayadaws led by Pali Sayadaw at the briefing hall of the park. Led by the Senior General, the procession enshrined the horoscopes of Buddha, gold, silver and gems and foreign silver coins collectively donated by various donors in the golden boxes that would be enshrined in the reliquaries in accord with the religious tradition and *See Page 12*


Senior General Min Aung Hlaing views religious objects to be enshrined.


Senior General Min Aung Hlaing puts precious objects into a golden box.


Sayadaws being ushered into the ceremony.

*From Page 11*

sprinkled scented water on the precious objects.

The ceremony was opened by reciting namotassa three times. Then religious verses were chanted in chorus three times.

The main donor Senior General and other donors revered the religious verses recited by Sayadaws.

Master of ceremonies read out Mingala Akhadaw, and at the auscipious time, the Pali Sayadaw and the Senior General enshrined the gold boxes containing the horoscopes of Buddha, gold, silver and gems and foreign silver coins collectively donated by various donors and the plaque of the Image in the respective reliquaries in accord with the religious tradition.

The Sayadaw and the Senior General sprinkled scented water on the reliquaries. Sayadaws led by Pali Sayadaw recited religious verses to mark the success of the ceremony. The MC led the congregation to share the merits gained.

The congregation recited Buddha sasanamciratithatu three times to conclude the ceremony. Senior General Min Aung Hlaing performs religious rites to mark the success of the ceremony. 100


Senior General Min Aung Hlaing puts precious objects into a golden box.


Senior General Min Aung Hlaing performs religious rites.

# Myanmar earns US$1.1 billion from beans and pulses exports from April 1 to December 19

**Yangon January 27**

Myanmar has received US$1,100 million in export earnings from the export of beans and pulses to various foreign countries from April 1 to December 19 in 2022-2023 FY, according to U Thet Lwin, the central executive member of the Maize and Sesame Traders Association (Yangon Region).

Myanmar exported over 11 million tons of beans and pulses via maritime trade routes and over 160,000 tons through border trade routes in that period.

"In the current fiscal year, the export of beans and pulses is more than 11 million tons. The export of mung beans is the largest, reaching more than 540,000 tons. The export of green grams is over 420,000 tons and the export of pigeon peas is over 140,000 tons. We are going to continue to export over 10,000 tons of green grams to the European Union members," U Thet Lwin said.

Currently, as a country based on agriculture, the majority of exports from Myanmar are agricultural products, and beans and pulses are among the main exports. ASH

# Auckland floods: New Zealand city declares emergency after torrential rain

**Auckland January 27**

New Zealand's largest city has declared a state of emergency after torrential rain prompted widespread flooding and evacuations.

The downpour in Auckland on Friday shifted houses, stalled traffic and cut power to homes and businesses.

The New Zealand Herald reported that a body had been found in Wairau Valley on Auckland's north shore.

An Elton John concert, expected to be attended by 40,000 fans, was cancelled minutes before it was due to start.

Footage online showed people trapped in waist-deep floodwater and rescuers carrying out evacuations on kayaks.

Other pictures showed grocery items floating down the aisles of several flooded supermarkets.

"Infrastructure and emergency services alike have been overwhelmed by the impacts of the storm," said Auckland Mayor Wayne Brown. BBC

# Jeremy Hunt prioritises cutting inflation, not tax

**London January 27**

Chancellor Jeremy Hunt has ruled out tax cuts in a speech where he said that reducing inflation is key to boosting economic growth.

Mr Hunt outlined opportunities in what he calls "the growth sectors which will define this century".

But his speech, made ahead of the Budget in March, made it clear the rate of price rises would have to fall before taxes are reduced.

"The best tax cut right now is a cut in inflation," he said.

The chancellor made his speech in a week when the government has faced accusations that it has no long-term growth plan.

On Monday, the CBI business group warned the UK is lagging behind rivals on green growth.

The next day, insolvency firm Begbies Traynor said the number of firms on the brink of going bust jumped by more than a third at the end of last year.

And on Thursday, car firms warned the UK does not have a strategy to attract manufacturers.

Speaking at Bloomberg's headquarters in London, Mr Hunt set out how the government planned to achieve growth in multiple sectors across the UK.

The speech focused on key sectors such as digital technology, green industries, life sciences, advanced manufacturing and creative industries. BBC

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers speech at Union Government Meeting No. (1/2023)



Senior General Min Aung Hlaing delivers speech at Union Government Meeting No. (1/2023).

**Nay Pyi Taw January 27**

The Union Government Meeting No. (1/2023) was held at the meeting hall of the Office of the Chairman of State Administration Council in Nay Pyi Taw this morning and Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the meeting.

Also present at the meeting were Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and union ministers.

First, the Senior General Delivered a speech, elaborating on political developments resulted from vote-rigging in the 2020 multi-party democracy general election, violence against the innocent people and government employees by the CRPH, NUG and PDF, which have emerged based on ugly and unruly vote-rigging in the 2020 general election, measures taken by the government to address the political instability caused by political differences in accordance with the law and economic developments of the country.

**The economy of the country has improved to certain extent due to promotion of domestic manufacturing**

Then, the Senior General said the economy of the country was falling due to the mismanagement of the previous government and COVID-19 when the Tatmadaw started assuming the responsibilities of the state. The economy of the country fell beginning from 2018 and the Tatmadaw government has encouraged domestic manufacturing enterprises based on agriculture and livestock breeding for the economic growth of the country. Now, the economy of the country has improve to a certain extent and the economic sector of the country has begun to take off. It is necessary to manufacture quality domestic products to meet the demand and to supply sufficient goods needed in the market to maintain price stability. Measures must be taken to provide raw materials and inputs at reasonable prices and human resources necessary for the manufacturing sector. If production costs can be reduced, commodity prices will drop.

Similarly, if efforts can be made to supply sufficient food, water and basic needs in respective states and regions, the people will be able to buy things at cheaper prices and live conveniently. Therefore, respective states and regions are required to exert efforts to supply sufficient food, water and basic needs. By learning from the past economic experience, measures must be taken for the economic development of the country. Priority must be given to domestic manufacturing enterprises based on agriculture and livestock breeding as MSMEs play an important role in economic growth of the country.

**International relations**

When the SAC started assuming the state responsibilities, there were crises in international relations as some countries imposed sanctions on Myanmar and condemned the country. As the country has been a non-align country for a long time, efforts were made to establish friendly relations with the international community. The country has so far adopted an independent and active foreign policy. Political instability was caused by the political differences over the country, interference and instigation of some foreign countries. The government is exerting efforts to maintain friendly international relations at its best.

**Take measures for people's education improvement**

The education standard improvement of the people plays an important role in national development. Current data show that the country still has weaknesses in educational progress. Most of the people aged 25 and above are below middle education level. This is why encouragement must be given without fail for the education promotion of the people, and education reform will continue.

Talking about the health and education sectors, the Senior General said: **"The second point concerns health affairs. The Covid outbreak has caused many losses. In our country life expectancy is about 70. It is very little. We are the lowest among our neighbouring countries. Laos is higher than our country and so is Bangladesh. Calculations may be different. However those calculations are different, we really need to live long. We need to be healthy. For good health, we need to have enough food. Secondly, our living conditions must be good. For smooth living conditions, we must have job opportunities and education levels. Without these two factors, we will still have many weaknesses in our health sector. No matter how many people have been vaccinated, it will not work. There are still Covid outbreaks despite vaccinations. As far as I am concerned, only improved living standard will help improve our health. Our businesses must be successful to improve our living standard. We need improved education levels and skills to improve our businesses. That's the way we should go. As such, our lowest education level must be at least KG+9. With this, we can go to vocational training at the minimum. Agricultural and livestock breeding schools will be opened district-wise. Frist, there will be 50 schools. Anyhow, we must be educated. We dare and can invest in education. After the first 50 schools, all districts will have one each. Then, there will be more schools in townships. We must be able to do basic things."**

**Necessary to meet electricity needs for national development**

The Senior General said electricity needs are the country's biggest challenge. Under the previous governments, hydropower projects were implemented but some projects were stopped or cancelled for various reasons. Now, measures are being taken to generate enough electricity, and the year of 2025 is targeted to have enough power supply. Enough electricity will help improve the country's productivity and public transport system. Electricity consumption in public transport can reduce fuel usage and foreign exchange spending. Therefore, efforts are being made to generate enough electricity. During our tenure, we are making all-out efforts for national development.

Regarding politics, the Tatmadaw has accepted and agreed with the multi-party democracy system and continues to develop it. Building a Union based on democracy and federalism is the political objective. The national objective is to ensure prosperity and food security of the nation. It is to carry oyt tasks to ensure adequate drinking water and cultivation water in regions and states. It is necessary to ensure food security through promoting our main businesses of agriculture and livestock farming, In this day of technology, universities concerned need to produce graduates skillful in modern technology. The State has been encouraging development of human resources within the country.

**Necessary to ensure development of Nay Pyi Taw Council Territory**

Nay Pyi Taw is the capital of the country enacted in accordance with the Constitution. Nay Pyi Taw is the administrative capital while Yangon is the commercial and business city. Over the past 17 years, Nay Pyi Taw has changed a lot and grown. It is to continue to take measures in order that the capital will be in accordance with a capital's characteristics. Efforts must be made to ensure improvement of socioeconomic life of the capital residents. It is to develop the capital to become a green, clean and smart city. The government is supporting tasks for development of the capital and the Nay Pyi Taw Council is to make efforts for development of the capital as well. Ministries are also urged to work together in order that Nay Pyi Taw will meet its capital characteristics.

Then, union ministers reported on sector-wise matters.

In his concluding remarks, the Senior General praised and recorded all for their efforts for interests and development of the nation over the two years period while the State Administration Council has been taking the responsibilities of the State. The Senior General also gave necessary instructions on the reports saying all ministries need to systematically supervise and scrutinize matters on information security. 100

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# SAC Chairman Prime Minister Senior General Min Aung Hlaing attends final match and awarding for men's football tournament of Basic Education Students Sports Festival for 2022-23 academic year





Senior General Min Aung Hlaing watches the final match of the men's football tournament of the Basic Education Students Sports Festival for 2022-23 academic year.

**Nay Pyi Taw January 27**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended to watch the final match of the men's football tournament of the Basic Education Students Sports Festival for 2022-23 academic year and awarded prizes to the winning teams at the prize awarding ceremony at Wunna Theikdi Stadium in Nay Pyi Taw this afternoon.

Among the spectators were SAC Vice Chairman Deputy Prime Minister Vice-Senor General Soe Win, Council Joint Secretary Lt-Gen Ye Win Oo, council members, union level officials, Union ministers, the chairman of Nay Pyi Taw Council, senior military officers, the commander of Nay Pyi Taw Command, deputy ministers, teachers and student athletes from basic education schools in regions and states.

The Senior General and party watched the final match between Yangon Region team and Ayeyawady Region team in the men's football tournament.

As it was the final match, both teams posed pressures to each other starting from the match. The player (No 10) of Ayeyawady Region team scored an opening goal by showing off his brilliant skills to his team on the leading role. Afterwards, both teams penetrated each other but the results remained unchanged.

In the second half, Yangon Region team equalized the result at 53rd minute but Ayeyawady Region team scored the second goal at 64th minute. At the final whistle, Ayeyawady Region team clinched the title with a 2-1 win over Yangon Region team.

Next, SAC member Lt-Gen Moe Myint Tun presented individual medals, prize and cash award to joint third-prize winning Shan State team, SAC member General Mya Tun Oo, the joint third-prize winning Mandalay Region team and Council Joint Secretary Lt-Gen Ye Win Oo, the second prize winning Yangon Region team.

Vice-Senior General Soe Win presented individual medals to players of the first-prize winning Ayeyawady Region team.

The Senior General presented cash award and championship trophy to first-prize winning Ayeyawady Region team.

After the prize awarding ceremony, the Senior General cordially greeted the athletes. The Senior General also gave K5 million each to all contending teams from regions and states which participated in the basic education students sports festival for 2022-23 academic year.

The festival was held from 17 January to date. If outstanding students from the sports festival are selected for training, they will have the chance to take part in the ASEAN University Games with better sports skills when those basic education students attend the universities and more selected national players will come out. 100



Spectators and student athletes seen watching the football final match.

# Arrivals of travellers from Thailand, Vietnam, Russia on the rise at Taungthaman Bridge and Lake



Foreign tourists seen rowing in Taungthaman Lake.

**Mandalay January 27**

Number of travellers from Thailand, Vietnam and Russia at Taungthaman bridge and lake is on the increase, said secretary U Soe Win of Bridge Maintenance Body.

Taungthaman Bridge is one of the tourist sites in Mandalay attracting local and foreign travellers. This high season, travellers from these countries started arriving at the bridge and lake. As from the third week of January, those tourists started paying visits to the sites.

"Number of international tourists to Taungthaman Bridge and Taungthaman lake is larger and larger. They prefer to ride boat in the lake," said the secretary.

More than 60 travellers from Thailand, Vietnam and Russia daily visited the lake and bridge in the first week of January, compared to more than 160 travellers per day as from the third week of January.

The Taungthaman Bridge was built of 1,086 posts. The local and foreign travellers bound for the lake prefer to enjoy sunset view. So, local people arrange running of more than 50 boats to give services to the travellers in the boat.

184

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်စစ်ဘက်က ရန်သူဒရုန်းများကိုတန်ပြန်ရန် Leonidas မိုက်ခရိုဝေ့ပ်လက်နက်ထုတ်လုပ်ရေး Epirus ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆို




အမေရိကန်စစ်ဘက်သည် ရန်သူဒရုန်းများကိုတန်ပြန်ရန် Leonidas ဟုခေါ်သော မိုက်ခရိုဝေ့ဖ်လက်နက်သစ်၏ ရှေ့ပြေးပုံစံကိုထုတ်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၁ သန်းတန်ဖိုးရှိ စာချုပ်ကို Epirus ကုမ္ပဏီနှင့် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

၎င်းသည် ရန်သူဒရုန်းများကို တစ်ချက်တည်းပေါက်ကွဲဖျက်ဆီးနိုင်စေပြီး မိတ်ဖက်လေယာဉ်များကို ခွဲခြားသတ်မှတ်ပေးနိုင်မည်ဖြစ်သည်။

ယူကရိန်းပဋိပက္ခဖြစ်ပွားနေချိန်တွင် နည်းပညာများတိုးတက်လာသည်နှင့်အမျှ စစ်မြေပြင်၌ သေးငယ်ပြီး ဈေးပေါသော ဒရုန်းများနှင့်ပတ်သက်၍ အမှန်တကယ်ခြိမ်းခြောက်မှုရှိလာနေပြီဖြစ်သည်။ ဒရုန်းများသည် ကင်းထောက်ခြင်း၊ ပစ်မှတ်ကိုထောက်လှမ်းခြင်းနှင့် တိုက်ရိုက်တိုက်ခိုက်ခြင်းများအတွက် သက်သေပြခဲ့ပြီးဖြစ်သည်။ တိုက်ပွဲဇုန်ပြင်ပတွင် အရပ်ဘက်လေယာဉ်များပျံသန်းသွားလာနေသည့် လေပိုင်နက်ထဲသို့ ဝင်ရောက်လာပါကလည်း သေစေနိုင်လောက်သည့် အန္တရာယ်ထိဖြစ်စေနိုင်သောခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။

တိုက်ရိုက်စွမ်းအင်သုံး လက်နက်၏ ဥပမာတစ်ခုမှာ စွမ်းအားမြင့်မိုက်ခရိုဝေ့ဖ် (HPM)Leonidas ဖြစ်ပြီး အမေရိကန်တပ်မတော် Rapid Capabilities and Critical Technologies Office (RC-CTO) ရုံး၏ သွယ်ဝိုက်ပစ်ခတ်မှု၊ အကာအကွယ်စွမ်းရည် စွမ်းအားမြင့်မိုက်ခရိုဝေ့ဖ် စီမံကိန်း(Indirect Fire Protection Capability High Power Microwave Program) အောက်တွင် ရန်ပုံငွေပံ့ပိုးလုပ်ဆောင်ထားသည်။

Leonidas သည် နှစ်အတော်ကြာဖွံ့ဖြိုးတိုးတက်နေခဲ့ပြီး ရန်ပုံငွေအသစ်ထပ်ဆောင်း၍ နည်းပညာကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်သော ရှေ့ပြေးပုံစံများအဖြစ်ပြောင်းလဲရန် ရည်ရွယ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

Leonidas သည် ဒရုန်းများကို မိုက်ခရိုဝေ့ဖ်စွမ်းအင်ဖြင့် ပေါက်ကွဲစေခြင်း၊ မောင်းသူမဲ့လေယာဉ်၏ အီလက်ထရွန်နစ်ပစ္စည်းများကို နှောင့်ယှက်ခြင်း သို့မဟုတ် ပျက်စီးစေပြီး မြေပြင်ပေါ်သို့ ပျက်ကျစေသည်။ ထို့ပြင် ခရုဇ်ဒုံးကျည်များကိုပင် ပစ်ခတ်တိုက်ခိုက်နိုင်သည်။

လုပ်ဆောင်မှုနိယာမသည် အလွန်ရိုးရှင်းသော်လည်း ခက်ခဲသောအချက်မှာ ရည်မှန်းချက်တာဝန် ထမ်းဆောင်ရန်အတွက် Optimum Waveform အကောင်းဆုံးလှိုင်းနှုန်းပုံစံကို ရှာဖွေခြင်းဖြစ်သည်။ ယခင်က ဟာ့ဒ်ဝဲအများအပြားကို ပြုပြင်မွမ်းမံရန်လိုအပ်သော်လည်း Leonidas သည်ဆော့ဖ်ဝဲဖြင့် မောင်းနှင်နိုင်သည့် Phased Array ကိုအသုံးပြုကာ ပြန်လည်ဖွဲ့စည်းရန် အလွန်လွယ်ကူသည့်အပြင် လုပ်ဆောင်ရန်အတွက် တပ်ဖွဲ့ဝင်တစ်ဦးသာလိုအပ်သည်။

Epirus ၏အဆိုအရ Leonidas သည် ဒရုန်းတစ်ခုတည်းကို တိကျစွာပစ်မှတ်ထားနိုင်ပြီး ဒရုန်းအုပ်လိုက်ကိုရပ်တန့်တားဆီးရန် မိုက်ခရိုဝေ့ဖ် (Microwave wall) ကို ဖန်တီးထုတ်လွှင့်နိုင်သည်။ ကောင်းကင်၏သတ်မှတ်ထားသောဧရိယာများကိုကာကွယ်ပေးခြင်း သို့မဟုတ် အနီးတစ်ဝိုက်တွင် မိတ်ဖက်ဒရုန်းများပါရှိနေပါက ထိုမိတ်ဖက်ဒရုန်းများကို ဘေးကင်းစွာလုပ်ဆောင်နိုင်ရန် အလိုအလျောက်ခွဲခြားစီစဉ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Leonidas သည် Open Architecture ဖွဲ့စည်းမှုစနစ်မျိုးအသုံးပြုထားပြီး လူသားများကို အန္တရာယ်မဖြစ်စေရန် ဘေးကင်းဇုန်များကို ဖန်တီးကာကွယ်နိုင်ရေး ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

အလိုအလျောက်လုပ်ဆောင်နိုင်သော မောင်းသူမဲ့လေယာဉ်များခြိမ်းခြောက်မှုကို ကိုင်တွယ်ရန် လက်ရှိလေကြောင်းရန်ကာကွယ်ရေးစနစ်များအနေဖြင့် အားနည်းချက်များရှိသည်ကို ကျွန်ုပ်တို့အကြိမ်ကြိမ်တွေ့ခဲ့ရသည်ဟု Epirus အမှုဆောင်အရာရှိချုပ် Ken Bedingfield က ပြောကြားခဲ့သည်။

RCCTO နှင့် ဤစာချုပ်သည်ကျွန်ုပ်တို့၏ ကုန်ကျစရိတ်သက်သာပြီး အလွယ်တကူအဆင့်မြှင့်တင်နိုင်သော Leonidas စနစ်များဖြင့် မောင်းသူမဲ့လေယာဉ်စနစ်များကို တန်ပြန်တိုက်ခိုက်နိုင်စွမ်းပိုင်ဆိုင်လာနိုင်စေမည်ဖြစ်သည်။

လေကြောင်းခြိမ်းခြောက်မှုများ ဆက်လက်တိုးတက်နေသောကြောင့် လာမည့်ဆယ်စုနှစ်များအတွင်း အမေရိကန်စစ်ဘက်သည် မိုးကုပ်စက်ဝိုင်းအတွင်း အီလက်ထရွန်နစ်ခြိမ်းခြောက်မှုများအပေါ် ထိရောက်စွာ တန်ပြန်လုပ်ဆောင်နိုင်မည့်စနစ်များ တပ်ဖြန့်အသုံးပြုနိုင်ရေး သေချာစေရန်အတွက် ကျွန်ုပ်တို့စွမ်းဆောင်သွားမည်ဖြစ်ကြောင်း Ken Bedingfield က ထည့်သွင်းပြောကြားသွားခဲ့သည်။

**US Army awards contract for microwave weapon to counter drone swarms ကို ဘာသာပြန်ဆိုထားပါသည်။**

## Airbus ကုမ္ပဏီက ဘယ်လ်ဂျီယံစစ်ဘက်ထံ ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုများပံ့ပိုးရန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆို

ဥရောပ Airbus ကုမ္ပဏီသည် ၁၅ နှစ်တာကာလအတွင်း နည်းဗျူဟာမြောက်ဂြိုဟ်တုဆက်သွယ်ရေး ဝန်ဆောင်မှုများပံ့ပိုးပေးရန် ဘယ်လ်ဂျီယံကာကွယ်ရေးဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ဘယ်လ်ဂျီယံစစ်ဘက်သည် Airbus UHF (Ultra High Frequency) စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးစနစ်များကို Airbus က ထုတ်လုပ်သော စီးပွားရေးဆက်သွယ်ရေးဂြိုဟ်တုပေါ်တွင် တင်ဆောင်ထားသည့် Payload ဖြင့် အသုံးပြုသွားမည်လည်းဖြစ်သည်။

Airbus သည် UHF Payload အသစ်ဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ၊ အထူးသဖြင့် ဥရောပနိုင်ငံများနှင့် NATO မဟာမိတ်များထံသို့ ၂၀၂၄ ခုနှစ်တွင် စတင်ရန်စီစဉ်ထားသော UHF ဆက်သွယ်ရေးဝန်ဆောင်မှုအသစ် စတင်သုံးနိုင်မည်ဟု Airbus ကာကွယ်ရေးနှင့် အာကာသဆိုင်ရာ ဈေးကွက်ရှာဖွေရေးနှင့်အရောင်းဌာနအကြီးအကဲ Eric Even က ပြောကြားခဲ့သည်။

UHF လှိုင်းနှုန်းစဉ်သည် အလွန်ရှားပါးသော ပတ်လမ်းကြောင်းဆိုင်ရာ အရင်းအမြစ်ဖြစ်သောကြောင့် ကမ္ဘာတစ်ဝန်းရှိ ဆက်သွယ်ရေးစွမ်းရည်ပြတ်လပ်မှုအတွက် ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်သည်။ Airbus ကုမ္ပဏီသည် ဂြိုဟ်တုလွှတ်တင်ရန် စီစဉ်ထားသည့်အချိန်မတိုင်မီ ဤစနစ်အတွက် အမှာစာအများအပြားကိုလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ UHF Payload ကို Toulouse ရှိ Airbus ၏ Network Operations Center က ဒီဇိုင်းထုတ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ၎င်း၏ UHF လိုင်း ၁၈ လိုင်းသည် ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် အာရှတိုက်၏ ကြီးမားသောအစိတ်အပိုင်းများအပြင်အတ္တလန္တိတ်သမုဒ္ဒရာ (ဘရာဇီးအရှေ့ပိုင်း)နှင့် အိန္ဒိယသမုဒ္ဒရာ (ဩစတြေးလျအနောက်ပိုင်းထိ) တစ်ပြိုင်နက်ဆက်သွယ်ရေးလမ်းကြောင်းပေါင်း ၂၀၀ ထိ အသုံးပြုနိုင်မည်ဖြစ်သည်။

UHF Satcom များကို ကြည်း၊ ရေ၊ လေစစ်ဆင်ရေးများတွင် လက်နက်ကိုင်တပ်ဖွဲ့များက အသုံးပြုလျက်ရှိကြသည်။ အဆိုပါ UHF Satcom များသည် အမြန်အလျင် လုပ်ဆောင်နိုင်စွမ်းမြင့်မားပြီး နိုင်ငံစုံနှင့် မဟာမိတ်လုပ်ငန်းများအတွက် အလွန်အသုံးဝင်သည်။ UHF band သည် အလွန်ပြောင်းလွယ်ပြင်လွယ်ရှိစွာ လုံခြုံစိတ်ချရသော ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ဖြစ်သည်။ ကုန်းမြေ၊ ပင်လယ်ပြင်နှင့် ဝေဟင်တို့တွင် အသုံးပြုရန်ကျယ်ပြောလှသော ဆက်သွယ်ရေး Gate အမြောက်အမြားဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။



Airbus ကုမ္ပဏီသည် UHF Milsat-com ဝန်ဆောင်မှုများကို လုပ်ဆောင်ရာတွင် ထူးခြားသောအတွေ့အကြုံရှိသည်။ ဤဝန်ဆောင်မှုအသစ်သည် ဂြိုဟ်တုသက်တမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ Airbus ကုမ္ပဏီသည် စစ်ဘက်သုံး(UHF၊ X၊ Ka Mil) နှင့် စီးပွားရေးသုံး (L၊ C/Ku၊ Ka) လှိုင်းနှုန်းစဉ်များအပါအဝင် အသုံးချပရိုဂရမ် (Application) များကို အပြည့်အဝလွှမ်းခြုံလည်ပတ်ပေးနိုင်သည့် တစ်ခုတည်းသော ပုဂ္ဂလိက ဂြိုဟ်တုဆက်သွယ်ရေးအော်ပရေတာဖြစ်ကြောင်း သိရသည်။

**Airbus to provide satellite communications for Belgian armed forces ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ပိဋကတ်ကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော်ရေစုန်လိုက်ဝင်တည်ခိုင်နိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါ ဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ထက်ဟိန်း ၀၉-၂၀၁၄၄၇၀**

**(ခ) ဒုတိယဗိုလ်မှူးကြီးအောင်ကိုကို ၀၉-၂၅၉၀၉၉၈၉၉**

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ ၅၁ ဒသမ ၂ ဒီဂရီပင့်ဆောင်ပူဇော်ပြီးစီး



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၂၇ ရက် မွန်းတည့် ၁၂ နာရီအချိန်အထိ ရတနာပလ္လင်တော်ထက်သို့ ၃၈ ဒသမ ၃ ဒီဂရီ ပင့်ဆောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၂၇ ရက် ည ၇ နာရီအချိန်အထိ ရတနာပလ္လင်တော်ထက်သို့ ၄၅ ဒသမ ၉ ဒီဂရီ ပင့်ဆောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန်ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရတို့အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော စေတနာရှင်၊ အလှူရှင်များဖြင့် ကျင်းပပြုလုပ်ခဲ့သည်။





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၂၇ ရက် ည ၁၂ နာရီအချိန်အထိ ရတနာပလ္လင်တော်ထက်သို့ ၅၁ ဒသမ ၂ ဒီဂရီ ပင့်ဆောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ သံမဏိမျှော်စင်ဝန်ချီစက်အသုံးပြု၍ ပင့်ဆောင်လျက်ရှိရာ ယနေ့ ည ၁၂ နာရီအချိန်အထိ ရတနာပလ္လင်တော်ထက်သို့ ၅၁ ဒသမ ၂ ဒီဂရီ ပင့်ဆောင်ပူဇော်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၁၇ မှအဆက်**

ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတာတော်များ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများကို ဌာပနာရွှေသေတ္တာတော်များအတွင်းသို့ ထုံးတမ်းစဉ်လာများနှင့်အညီထည့်သွင်းပြီး နံ့သာမှုန့်များ ပက်ဖျန်းပူဇော်သည်။

ၡင်းနောက် ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ရတနတ္တယပူဇာဂါထာနှင့်သဗ္ဗသင်္ဂဟာက မေတ္တာပို့လက်နှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပွားများပူဇော်ကြသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘုရားဒါယကာများက ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ဇယမင်္ဂလာဂါထာတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားသည်။ ယင်းနောက် မင်္ဂလာအချိန်တော်တွင် ပါဠိဆရာတော်ကြီးနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုဌာနနေရာရှိ ဌာပနာတိုက်တော်များအတွင်းသို့ ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတာတော်များ၊ အဖိုးတန် ရွှေငွေကျောက်သံပတ္တမြားများ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ ထည့်သွင်းထားသည့် ဌာပနာရွှေသေတ္တာတော်များနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်တည် ကမ္ပည်းမော်ကွန်းကျောက်စာတော်တို့ကို သတ်မှတ်ဌာပနာတော် နေရာအသီးသီးတွင် ထုံးတမ်းစဉ်လာများနှင့်အညီ သွင်းလှူပူဇော်ကြသည်။

ထို့နောက် ပါဠိဆရာတော်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် ဌာပနာတော်တိုက်များအား နံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် ပါဠိဆရာတော်ဦးဆောင်၍ **“ဇယန္တော ဗောဓိယာ မူလေ”** အစရှိသည့် ဇယမင်္ဂလာအောင်ဂါထာများကို ရွတ်ဆိုပူဇော်ပြီး အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းလွှာကို ဖတ်ကြား၍ မေတ္တာပို့အမျှပေးဝေကြသည်။

ၡင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများရွာသွန်းဖြိုးခဲ့ကြောင်း သတင်းရရှိသည်။

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေးနှင့် အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးများ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ တေရသမ အစည်းအဝေးကို ၁၃၈၄ ခုနှစ် တပေါင်းလဆန်း (၃၊ ၄၊ ၅၊ ၆) ရက်၊ (၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၁၊ ၂၂၊ ၂၃၊ ၂၄ ရက်)၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့ တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၄ ခုနှစ် တပေါင်းလဆန်း (၇၊ ၈)ရက်၊ (ဖေဖော်ဝါရီ ၂၅၊ ၂၆ ရက်)၊ စနေ၊ တနင်္ဂနွေနေ့တို့တွင် တေရသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် တပေါင်းလဆန်း ၂ရက်၊ (ဖေဖော်ဝါရီ ၂၀ ရက်) တနင်္လာနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးကို တပေါင်းလဆန်း (၁၀၊ ၁၁၊ ၁၂)ရက်၊ (ဖေဖော်ဝါရီ ၂၈ ရက်၊ မတ် ၁၊ ၂ ရက်)၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် တပေါင်းလဆန်း ၉ ရက်၊ (ဖေဖော်ဝါရီ ၂၇ ရက်)၊ တနင်္လာနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ အကျည်းတန်သော စည်းကမ်းမဲ့မဲပေးမှုနှင့်မဲမသမာမှုများကိုအခြေခံ၍ ပေါ်ပေါက်လာသည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအပေါ် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေမှု၊ နိုင်ငံရေးသဘောထားကွဲလွဲမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးမတည်ငြိမ်မှုများကို နိုင်ငံတော်အစိုးရက ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံ၏စီးပွားရေး ဖြစ်ပေါ်ပြောင်းလဲလာမှုတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

### ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ခြင်းကြောင့် နိုင်ငံစီးပွားရေးမှာ ထိုက်သင့်သလောက်တိုးတက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာ၌ စီးပွားရေးနှင့်ပတ်သက်၍ ယခင်အစိုးရ၏စီမံခန့်ခွဲမှု အားနည်းခဲ့ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့ခြင်းတို့ကြောင့် မိမိတို့အစိုးရက နိုင်ငံတော်တာဝန်များကိုစတင်ထမ်းဆောင်ချိန်တွင် နိုင်ငံ၏စီးပွားရေးမှာ ကျဆင်းနေသည့်အချိန်ဖြစ်ကြောင်း၊ **၂၀၁၈ ခုနှစ်မှစ၍ နိုင်ငံ၏စီးပွားရေးမှာကျဆင်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်**ကြောင်း၊ **မိမိတို့အစိုးရတာဝန်ယူပြီးနောက်ပိုင်းတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများတိုးတက်စေရေး အားပေးဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံ၏စီးပွားရေးမှာ ထိုက်သင့်သလောက် ပြန်လည်တိုးတက်ကောင်းမွန်လာပြီ ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏စီးပွားရေးကဏ္ဍမှာ ပြန်လည် ဦးမော့လာပြီဖြစ်**ကြောင်း၊ ပြည်တွင်းမှထုတ်လုပ်သည့် ထုတ်ကုန်များကို အရည်အသွေးပြည့်မီရန်နှင့် အရေအတွက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် ဈေးကွက်တွင်လိုအပ်သည့် ကုန်ပစ္စည်းများကို ဖြည့်တင်းပေးနိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းများနှင့်သွင်းအားစုများကို ဈေးနှုန်းသက်သာစွာဖြင့်ရရှိရန်နှင့် လူသားအရင်းအမြစ်များကိုလည်း လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ **ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကျဆင်းလာမည်ဖြစ်**ကြောင်း။

အလားတူ **တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသများအလိုက် စားရေရိက္ခာများလုံလောက်အောင် ဆောင်ရွက်မည်ဆိုပါက ဈေးနှုန်းသက်သာစွာဖြင့် ပြည်သူများ နေထိုင်စားသောက်နိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စားရေရိက္ခာများဖူလုံစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ ယခင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများမှ သင်ခန်းစာများဖော်ထုတ်၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ **စီးပွားရေးမြှင့်တင်ရေးလုပ်ငန်းတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းသည် အဓိကကျသဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်**ကြရန်လိုကြောင်း။

### နိုင်ငံတကာဆက်ဆံရေး

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်တွင် အချို့သောနိုင်ငံများက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများနှင့် ဝေဖန်ပြောဆိုမှုများရှိခြင်းကြောင့် နိုင်ငံတကာဆက်ဆံရေးတွင် အကျပ်အတည်းများရှိခဲ့ကြောင်း၊ **မိမိတို့နိုင်ငံသည် ယခင်ကတည်းက ကြားနေနိုင်ငံတစ်ခုဖြစ်ခဲ့ပြီး နိုင်ငံတကာနှင့် ဆက်ဆံရေးကောင်းမွန်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့**ကြကြောင်း၊ **ယခုအချိန်ထိ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးလျက်ရှိ**ကြောင်း၊ ပြည်ပနိုင်ငံများ၏ မိမိတို့နိုင်ငံအပေါ် ထားရှိသည့် နိုင်ငံရေးသဘောထားများကွဲလွဲမှုနှင့် အချို့နိုင်ငံများ၏ ကြားဝင်စွက်ဖက်မှု၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် မိမိတို့နိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်ခြင်းများရှိခဲ့ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

### ပြည်သူများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်များရှိနေသေးသည်ကို ကိန်းဂဏန်းအချက်အလက်များအရ သိရှိရကြောင်း၊ အသက် ၂၅ နှစ်ကျော်ပြီဖြစ်သည့် ပြည်သူအများစု၏ ပညာအရည်အချင်းမှာအလယ်တန်းပညာအောက်၌ရှိနေသည်ကို သိရှိရကြောင်း၊ ထို့ကြောင့် ပြည်သူများပညာရေးဖွံ့ဖြိုးစေရေး မဖြစ်မနေအားပေးမြှင့်တင်ရမည်ဖြစ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေး၊ ပညာရေးတို့နှင့်ပတ်သက်၍ ပြောကြားရာတွင် **"ဒုတိယက ဘာလဲဆိုတော့ ကျန်းမာရေးနဲ့ပတ်သက်တာ၊ ကိုဗစ်ကြောင့်ဖြစ်တာမှာ တော်တော်များများလဲ ဆုံးရှုံးမှုတွေရှိပါတယ်။ နဂိုကကိုမှ ကျွန်တော်တို့ဆီမှာ life expectancy မှာလဲ ကျွန်တော်တို့က ၇၀ လောက်ပဲရှိတယ်။တော်တော်နည်းပါတယ်။ အိမ်နီးနားချင်းတိုင်းပြည်ထဲမှာ ကျွန်တော်တို့ အနိမ့်ဆုံးဖြစ်ပါတယ်။ life expectancy အနိမ့်ဆုံးဖြစ်တယ်၊ လာအိုကျွန်တော်တို့ထက်မြင့်တယ်၊ ဘင်္ဂလားဒေ့ရှ်ကျွန်တော်တို့ထက်မြင့်တယ်။ တွက်နည်း၊ ချက်နည်းတွေတော့ အမျိုးမျိုးရှိတာပေါ့၊ ဘယ်လိုပဲ တွက်နည်းချက်နည်းတွေ ရှိရှိပါ၊ လက်တွေ့မှာ ကျွန်တော်တို့ တကယ်အသက်ရှည်တဲ့သူဖြစ်ဖို့လိုတယ်။ ကျန်းမာတဲ့သူဖြစ်ဖို့လိုတယ်။ ကျန်းမာဖို့ဆိုရင် တစ်အချက် စားရေးသောက်ရေး အဆင်ပြေဖို့လိုတယ်။**

> **၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ် . . .**

**နှစ်အချက် နေရေးထိုင်ရေးအဆင်ပြေဖို့လိုတယ်။ ဒီလို စားရေးသောက်ရေး၊ နေရေးထိုင်ရေးအဆင်ပြေဖို့ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းရှိရမယ်။ အတန်းပညာရှိရမယ်။ ဒီနှစ်ခု ကျွန်တော်တို့ မဖန်တီးပေးနိုင်လို့ရှိရင် ဒီကျန်းမာရေးမှာလဲ ကျွန်တော်တို့အားနည်းချက်တွေ အများကြီးရှိမှာဖြစ်တယ်။ ဘယ်လောက်ပဲ ကာကွယ်ဆေးတွေထိုးပေးပါ၊ ခင်ဗျားတို့ မရပါဘူး။ မဖြစ်နိုင်ဘူး။ ကာကွယ်ဆေးတွေထိုးပေးတဲ့ကြားထဲကပဲ ကိုဗစ်ဖြစ်ကြတာပဲ။ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ဒီလူနေမှုစနစ်ကို မြှင့်တင်နိုင်မှသာ ကျန်းမာရေးကလဲ မြင့်တက်လာမယ်ဆိုတာကို သွားတွေ့ပါတယ်။ လူနေမှုစနစ်မြှင့်တင်နိုင်ဖို့ ဆိုလို့ရှိရင် စီးပွားရေးကောင်းအောင်လုပ်ရမယ်။ စီးပွားရေးကောင်းဖို့ဆိုရင်လည်း အတန်းပညာ၊ အတတ်ပညာတွေရှိအောင်လုပ်ပေးရမယ်။ ဒီလိုသွားရမယ်။ ဒါကြောင့် ကျွန်တော်တို့က အတန်းပညာနဲ့ပတ်သက်ရင် အနည်းဆုံးတော့ KG+9 ကို သွားဖို့လိုတယ်။ KG+9 ဖြစ်လာပြီဆိုလို့ရှိရင် Vocational Training အနိမ့်ဆုံးသွားလို့ရပြီ၊ ဒါကြောင့် စက်မှုစိုက်ပျိုးမွေးမြူရေးကျောင်းလေးတွေ ခရိုင်အလိုက်ဖွင့်ပေးမယ်။ အဲ့ဒီကနေပြီးတော့ ပထမဦးဆုံးကျောင်း ၅၀ ပေါ့၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကျွန်တော်တို့တစ်တွေ ပညာတတ်ဖို့လိုတာပဲ။ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို ကျွန်တော်တို့ပေးရပါတယ်။ ပေးလဲပေးနိုင်ပါတယ်။ ပေးလဲ ပေးရပါတယ်။ ကျောင်း ၅၀ ကနေပြီးတော့ ခရိုင်အားလုံး၊ ခရိုင်ကနေပြီးတော့ အဓိကကျတဲ့ မြို့နယ်တွေပါ ကျောင်းတွေတိုးချဲ့ပြီး ဖွင့်လာပြီးတော့မှ၊ သူ့ရဲ့အခြေခံလုပ်နိုင်တဲ့ဟာတွေကို ကျွန်တော်တို့သွားကြရမယ်။"**

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်လိုအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားရာတွင် မိမိတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဖြစ်ကြောင်း၊ ယခင် အစိုးရအဆက်ဆက်ကတည်းက ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အချို့စီမံကိန်းများ ရပ်တန့်ခဲ့ရပြီး အချို့စီမံကိန်းများ ဖျက်သိမ်းခံခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး **၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိ**ကြောင်း၊ **လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်**ကြောင်း၊သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ လျှပ်စစ်ဓာတ်အားများကို အသုံးပြုဆောင်ရွက်မည်ဆိုပါက စက်သုံးဆီသုံးစွဲမှုကို များစွာလျှော့ချနိုင်မည်ဖြစ်သောကြောင့် နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရတာဝန်ယူချိန်ကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊

နိုင်ငံရေးနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဆောင်ရွက်နေမှုအပေါ် တပ်မတော်အနေဖြင့် လက်ခံသဘောတူညီပြီး ဆက်လက်၍လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးသည် နိုင်ငံရေးရည်မှန်းချက်ဖြစ်**ကြောင်း၊ **အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ဖြစ်**ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် သောက်သုံးရေနှင့်စိုက်ပျိုးရေများလုံလောက်စွာရရှိရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ စားရေရိက္ခာဖူလုံအောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ လူသားအရင်းအမြစ်များမွေးထုတ်ရာတွင်လည်း ယခုခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ခေတ်မီနည်းပညာများ တတ်ကျွမ်းသည့် ပညာတတ်များကို သက်ဆိုင်ရာတက္ကသိုလ်များမှ သင်ကြားမွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ **နိုင်ငံအတွင်း ပညာတတ် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိ**ကြောင်း၊

### နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

နေပြည်တော်နှင့် ပတ်သက်၍ နေပြည်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသည့် နိုင်ငံ၏မြို့တော်ဖြစ်ကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်ပြီး ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်၊ ကုန်သွယ်ရေးမြို့တော်ဖြစ်ကြောင်း၊ ၁၇ နှစ်တာကာလအတွင်း နေပြည်တော်သည် များစွာတိုးတက်ပြောင်းလဲလာပြီဖြစ်ကြောင်း၊ မြို့တော်တစ်ခု၏ အင်္ဂါရပ်နှင့်ညီအောင် ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပြီး မြို့တော်တွင်နေထိုင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြို့တော်ကို Green City၊ Clean City နှင့် Smart City ဖြစ်အောင် ပုံဖော်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ **နေပြည်တော် ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာနေပြည်တော်ကောင်စီမှလည်း နေပြည်တော်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်စေလို**ကြောင်း၊ **ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံ၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန်လို** ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ထမ်းဆောင်ချိန် နှစ်နှစ်တာကာလအတွင်း နိုင်ငံကောင်းရာကောင်းကျိုးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ချီးကျူးမှတ်တမ်းတင်ပါကြောင်းပြောကြားသည်။ ယင်းနောက် သတင်းလုံခြုံရေးအတွက် ဝန်ကြီးဌာနများ အားလုံးစနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ အားကစားမောင်မယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဖလားပေးအပ်ချီးမြှင့်စဉ်။

အဆိုပါပွဲစဉ်တွင် ဗိုလ်လုပွဲသို့တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပွဲစလျှင်စချင်း၌ပင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁၀)က အဖွင့်ဦးဆောင်ဂိုးကို တစ်ဦးချင်းအစွမ်းပြ၍ လှပစွာသွင်းယူရရှိခဲ့ပြီး ပွဲကိုဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် တစ်ဖက်နှင့် တစ်ဖက် ဆက်လက်ထိုးဖောက်ကစားခဲ့သော်လည်း ဂိုးရရှိခဲ့ခြင်းမရှိခဲ့ဘဲ ပထမပိုင်း ပွဲကစားချိန်ပြီးဆုံးခဲ့သည်။

ယင်းနောက် ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကစားချိန် ၅၃ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၆၄ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ပွဲအပြီးတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ အသင်းလိုက်ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းကလည်းကောင်း၊ အသင်းလိုက်ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့်ချီးမြှင့်ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့်တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ ယခုကျင်းပပြုလုပ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းများကို တစ်သင်းလျှင် ငွေကျပ်သိန်း ၅၀ စီကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို ဇန်နဝါရီ ၁၇ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲမှ စတင်၍ အားကစားထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်လေ့ကျင့်ပေးသွားပါက အခြေခံကျောင်းသားများ တက္ကသိုလ်တက်ရောက်ချိန်တွင် အာဆီယံ တက္ကသိုလ် အားကစားပြိုင်ပွဲများကိုလည်း အရည်အသွေးပိုမိုကောင်းမွန်စွာဖြင့် ပါဝင်ယှဉ်ပြိုင်သွားနိုင်မည်ဖြစ်ပြီး နိုင်ငံ့လက်ရွေးစင် အားကစားသမားများလည်း ပိုမိုပေါ်ထွက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပထမဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီး အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ် ချီးမြှင့်စဉ်။

# တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၂)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၆)နှင့် တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲကျင်းပ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်က တပ်မတော်(ရေ) အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၈၂)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်း အမှတ်စဉ်(၅၆)နှင့် တပ်မတော်(ရေ) အမျိုးသမီး အရာရှိငယ်သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**





**နေပြည်တော် ဇန်နဝါရီ ၂၇**

တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၂)၊တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၆)နှင့် တပ်မတော်(ရေ) အမျိုးသမီး အရာရှိငယ်သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏မိဘဆွေမျိုးများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင်က ကျောင်းဆင်းတပ်ခွဲနှင့်ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)ကို အနှေးလျှောက်၊အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၂)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၆၅၄ ဗိုလ်စိုင်းခန့်သူရိန်နှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၆၃၈ ဗိုလ်ပြည်သိန်းကျော်တို့ကိုလည်းကောင်း၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၆)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၆၆၂ ဗိုလ်နိုင်ဦးနှင့် ရေကြောင်းအင်ဂျင်နီယာပညာစာပေထူးချွန်ဆုရ ရေ ၅၆၆၈ ဗိုလ်ကျော်မင်းဟိန်းတို့ကို လည်းကောင်း၊ တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၈)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၆၇၄ ဗိုလ်ဒေါ်ခိုင်ခန့်ခန့်ကျော်နှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၆၇၅ ဗိုလ်ဒေါ်လဲ့နန္ဒာထွန်းတို့ကိုလည်းကောင်း ထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။



**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင်က တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၂)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၆၅၄ ဗိုလ်စိုင်းခန့်သူရိန်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။**



**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင်က တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၆)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၆၆၂ ဗိုလ်နိုင်ဦးအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် သင်တန်းသားများကို သင်တန်းကာလအတွင်း၌ နိုင်ငံတကာရေတပ်စံနှုန်းများနှင့်အညီ ရေကြောင်းဆိုင်ရာပညာရပ်များ၊ ရေတပ်စက်မှုလက်မှုပညာရပ်များ၊ ရေတပ်လက်နက်နှင့် လက်နက်စနစ်ပညာရပ်များနှင့် ရေတပ်အုပ်ချုပ်ထောက်ပံ့မှုပညာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်၍ စစ်ရေယာဉ်ကြီးများတွင် တွဲဖက်ပဲ့စင်တာဝန်ကျအရာရှိ(Junior Officer of the Watch)နှင့် တွဲဖက်စက်မှုလက်မှုတာဝန်ကျအရာရှိ (Junior Engineer Officer of the Watch)များအဖြစ် လက်တွေ့လုပ်ငန်းခွင်တွင် ဆက်လက်လေ့လာဆည်းပူးသွားရဦးမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်လက်တွေ့လေ့ကျင့်မှုများပြီးဆုံးသွားသည့်အချိန်တွင် အရည်အချင်းပြည့်မီသူများကိုသာ စစ်ရေယာဉ်များတွင် တာဝန်ပေးအပ်သွားမှာဖြစ်ပြီး ထိုက်သင့်သည့် ပင်လယ်ပြင်လုပ်သက်နှင့် လုပ်ငန်းအတွေ့အကြုံရရှိပြီးချိန်တွင် အထူးပြုဘာသာရပ်ဆိုင်ရာ သင်တန်း(Specialized Course)များကို ထပ်မံတက်ရောက်လေ့လာ သင်ကြားကြရမည်ဖြစ်ကြောင်း။

ယနေ့ခေတ် အမျိုးသမီးအရာရှိ၊ စစ်သည်များအနေဖြင့် ခက်ထန်ကြမ်းတမ်းသည့် ပင်လယ်သမုဒ္ဒရာကို မိုင်ထောင်ချီဖြတ်ကျော်ကာ ပြည်ပနိုင်ငံချစ်ကြည်ရေးခရီးစဉ်များနှင့် ပူးတွဲလေ့ကျင့်ခန်းများတွင် အမျိုးသားအရာရှိ၊ စစ်သည်များနည်းတူ ရင်ပေါင်တန်း ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ မျိုးဆက်သစ်အမျိုးသမီးအရာရှိငယ်များအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်ပြီး အများက အားကျအတုယူရသည့် စစ်သမီးများဖြစ်စေရန် အလေးအနက်ထားကြိုးစား တာဝန်ထမ်းဆောင်သွားရန်လိုကြောင်း။ **စာမျက်နှာ ၂၂ သို့**



**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင်က တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၈)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၆၇၄ ဗိုလ်ဒေါ်ခိုင်ခန့်ခန့်ကျော်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။**

# (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကို ၂၆-၁၂-၂၀၂၂ ရက်မှ ၂၇-၁-၂၀၂၃ ရက်ထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပခဲ့သည်။

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် မူလအာဘိဓမ္မိက(အဘိဓမ္မာပထမပိုင်းငါးကျမ်းအောင်) လေးပါး၊ ဒီဃဘာဏက(ဒီဃနိကာယ်သုံးကျမ်းအောင်) ရှစ်ပါး၊ ဝိနယဓရ(ဝိနည်းဒုတိယပိုင်းအောင်) ၃၇ ပါး၊ ဉဘတောဝိဘင်္ဂဓရ(ဝိနည်းပထမပိုင်းအောင်) ၈၅ ပါး စုစုပေါင်း ၁၃၄ ပါး အောင်မြင်ခဲ့သည်။

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေပွဲတွင် ဒီဃနိကာယကောဝိဒ(ဒီဃနိကာယ်သုံးကျမ်းအောင်) သုံးပါး၊ ဝိနယကောဝိဒ(ဝိနည်းဒုတိယပိုင်း သုံးကျမ်း) ရှစ်ပါး၊ ဉဘတောဝိဘင်္ဂကောဝိဒ (ဝိနည်းပထမပိုင်းနှစ်ကျမ်း) ခုနစ်ပါး စုစုပေါင်း ၁၈ ပါး အောင်မြင်ခဲ့ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာရှိသောလုပ်ငန်းများ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးစိန်ရတုနှစ်ပတ်လည်ကာလတွင် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းပြောကြားပြီး မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်းလမ်း၊ ရထား၊ ရေကြောင်း၊လေကြောင်း၊ ဆိပ်ကမ်းစသော ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာရှိသောလုပ်ငန်းများ၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းရေးကိစ္စရပ်များ၊ ဆက်သွယ်ရေးကဏ္ဍ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ တည်ဆောက်ရာတွင် ပါဝင်ရင်းနှီးမြှုပ်နှံရေး၊ ဆိုက်ဘာလုံခြုံရေး၊ နိုင်ငံတော်အတွင်း လျှပ်စစ်ရထား၊ လျှပ်စစ်မော်တော်ယာဉ်များ အသုံးပြုရန် ဆောင်ရွက်လျက်ရှိမှုနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများ၊ ပြည်တွင်းရေကြောင်းနှင့် ကမ်းရိုးတန်းသွားရေယာဉ်အသုံးပြုရေးဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ကျွမ်းကျင်သူများအကြား ဆွေးနွေးရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဌာန အကြီးအမှူးများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉/၂၀၂၂) ရဲသူရတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရဲအရာရှိလေ့ကျင့်ရေးကျောင်းစစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲကိုစစ်ဆေးသည်။

ထို့နောက် ဒုတိယရဲအုပ်လောင်းများက ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း သိန်းမြင့်ဇော်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးဝေ၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နှင်းနှင်းခိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သိန်းမြင့်ဇော်၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးဝေတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။



အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယရဲချုပ်(၂)(လုံခြုံ၊ မှုခင်း) ရဲဗိုလ်ချုပ်အောင်နိုင်သူ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲအရာရှိကြီးများ၊ ဇဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်းနှင့် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉) ရဲသူရတပ်ခွဲတွင် တပ်တွင်းဘွဲ့ရအမျိုးသား ၂၁၉ ဦး၊ အမျိုးသမီး ၁၂၂ ဦး၊ တပ်ပြင်ဘွဲ့ရအမျိုးသမီး တစ်ဦး စုစုပေါင်း ၃၄၂ ဦး သင်တန်းဆင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၄၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၄၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၁၃၉ ဦးနှင့် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၆၁၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မန္တလေးဘဏ်ခွဲ ရုံးအဆောက်အအုံအသစ် ပန္နက်တော်တင်မင်္ဂလာပြုလုပ်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့က မန္တလေးဘဏ်ခွဲ ရုံးအဆောက်အအုံအသစ်ပန္နက်တော်တင်မင်္ဂလာအခမ်းအနားတွင် မင်္ဂလာပန္နက်တိုင်အား ပန္နက်တော်တင်ခြင်းပြုလုပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲ ရုံးအဆောက်အအုံအသစ် ပန္နက်တော်တင်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ဆင်ဖြူကန်ကွင်း၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုဘဏ်ဥက္ကဋ္ဌက မင်္ဂလာပန္နက်တိုင်အား စတင်၍ ပန္နက်တော်တင်ပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းမှူးနှင့် ဖိတ်ကြားထားသူများက မင်္ဂလာပန္နက်တိုင်များကို ပန္နက်တော်တင်ခြင်းပြုလုပ်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲသည် ယခင်က ဌာနပိုင်အဆောက်အအုံမရှိခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်အချိန်မှသာ ပေါ်ထွန်းလာရခြင်းဖြစ်ပြီး ရုံးအဆောက်အအုံအသစ်သည် အလျား ပေ ၂၈၀၊ အနံ ၄၆၇ ပေရှိသော မြေပေါ်တွင် ပေ ၁၈၀၊ ပေ ၁၅၀ ကျယ်ဝန်းသည့် သံကူကွန်ကရစ် ငါးထပ်အဆောက်အအုံသစ်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း လုပ်ငန်းဖြစ်ကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးထိ နှစ်နှစ်စီမံကိန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

အနောက်တောင်တိုင်း
စစ်ဌာနချုပ်
တိုင်းမှူး
ဗိုလ်မှူးချုပ်ကြည်နိုင်
တပ်မတော်ဆေးရုံတွင်
တက်ရောက်
ဆေးကုသမှုခံယူနေသူ
တစ်ဦးကို
ကြည့်ရှုအားပေးစဉ်။



**နေပြည်တော် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

# (၆၁)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ မြန်မာဂုဏ်ထူးအောင် နှစ်ပါး၊ ဓမ္မာစရိယကျမ်းပြီး ရိုးရိုးအောင် ၂၆၁ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ နိကာယ်အထူးအောင် ၁၃ ပါး၊ မဟာဝိဇ္ဇာအောင် ခုနစ်ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အထူးအောင် လူပုဂ္ဂိုလ် ကိုးဦးတို့ကို ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်သည့် (၆၁)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ (၆၁)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်တော်မူပါရန် သက်ဆိုင်ရာစာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်လျှောက်လွှာများ ပေးပို့ဆက်ကပ် ပင့်ဆောင်မည်ဖြစ်သည်။ ပင့်လျှောက်လွှာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ပုဗ္ဗာရုံဒေဟကျောင်းဆောင် (စာမေးပွဲဌာနခွဲ)သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဇန်နဝါရီ ၂၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၁၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၇၀ ဦး |

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဇန်နဝါရီ ၂၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၅၂၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီ စုံညီပွဲတော်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုထောက်ခံသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကဦးဆောင်၍ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်**(ယနေ့)**နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV– HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV-News Channel၊ MRTV တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ MRTV Website နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်



အနောက်တောင်တိုင်း စစ်ဌာနချုပ် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌ အတွင်းအောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်းရှစ်ပါး ပါဠိတော်၊ ဓဇဂ္ဂသုတ်အပါအဝင် အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ဇယမင်္ဂလာဂါထာတော်များ ရွတ်ဖတ်ပူဇော်ကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံတော် အေးချမ်းသာယာစေရန်၊ နိုင်ငံတစ်ဝန်း ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ပြည်သူများ စိတ်ကြည်နူးအေးချမ်းစေရန်ရည်ရွယ်၍ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝတ်ရွတ်အသင်းများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဓမ္မာရုံများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ အတွင်းအောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်းရှစ်ပါး ပါဠိတော်၊ ဓဇဂ္ဂသုတ်အပါအဝင် အန္တရာယ်ကင်းပရိတ်တရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ဇယမင်္ဂလာဂါထာတော်များကို ရွတ်ဖတ်ပူဇော်လျက်ရှိသည်။

ယနေ့တွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ အသီးသီး ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲများသို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ တာဝန်ရှိသူများနှင့် ဝတ်ရွတ်အသင်းများ တက်ရောက်၍ သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် သက်ဆိုင်ရာဝတ်အသင်းများက အတွင်းအောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်းရှစ်ပါး ပါဠိတော်၊ ဓဇဂ္ဂသုတ်အပါအဝင် အန္တရာယ်ကင်းပရိတ်တရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ဇယမင်္ဂလာဂါထာတော်များကို အသီးသီး ဆက်လက်ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၍ စုပေါင်းကုသိုလ်ပြု

**နေပြည်တော် ဇန်နဝါရီ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ဘုရားစေတီများသို့ ဘုရားဖူးလာရောက်ကြမည့် ရဟန်းသံဃာတော်များနှင့် အများပြည်သူများ စိတ်အေးချမ်းသာစွာ တရားဘာဝနာပွားများ၍ ဖူးမြော်ကြည်ညိုနိုင်စေရေးအတွက် ဘုရား၊ စေတီ၊ ပုထိုးများနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးလုပ်ငန်းများ ကုသိုလ်ပြု စုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းမြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဘုရားစေတီများနှင့် ရုပ်ပွားတော်များအား ရောင်တော်ဖွင့်ပေးခြင်း၊ ထုံးသင်္ကန်းများ ကပ်လှူခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ဌာနဆိုင်ရာတာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မြောင်းမြမြို့နယ် စကားမြားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မြောင်းမြမြို့နယ် စကားမြားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၂၇ ဦးကို ၎င်းကျေးရွာရှိ မဟာရုံကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၄၃ ဦး၊ ခွဲစိတ်ရောဂါ ၆၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၄၅ ဦး၊ ကလေးရောဂါ ၃၅ ဦး၊ အရိုးရောဂါ ၉၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၄ ဦး၊ မျက်စိရောဂါ ၁၂၈ ဦးနှင့် သွားရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၄၃ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၃၄ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက်လူနာ ငါးဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၆၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၈-၁-၂၀၂၃ (စနေနေ့)

| | | |
|---|---|---|
| ၁။ | ၁၀း၄၆ | စိုက်ပျိုးမွေးမြူရေး (?) |
| ၂။ | ၁၃း၃၀ | Live For You |
| ၃။ | ၁၆း၁၀ | Popular Songs |
| ၄။ | ၁၉း၀၀ | ပြည်သူကြားက ပြည်သူစကား |
| ၅။ | ၂၁း၄၀ | Cupid Arrow |

# ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် စာအောင်ဆုနှင်းသဘင်မင်္ဂလာပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် စာအောင်ဆုနှင်းသဘင်မင်္ဂလာကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အံ့တော်ရှင်တောင်တန်းသာသနာပြု ဗဟိုကျောင်းတိုက်၌ပြုလုပ်ရာ ကချင်ပြည်နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ပင့်သံဃာများ၊ စာအောင်သံဃာတော်များနှင့် စာအောင်သီလရှင်ဆရာလေးများ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။



**ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် စာအောင်ဆုနှင်းသဘင်မင်္ဂလာအခမ်းအနား ကျင်းပစဉ်။**

ဦးစွာ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကြသည်။ ထို့နောက် သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂ ခုနှစ်အတွင်း ကချင်ပြည်နယ် မြစ်ကြီးနား စာဖြေဌာနတွင် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင် သံဃာ ၁၀၂ ပါးနှင့် သီလရှင်ဆရာလေး ၁၄ ပါးတို့ကို ဆုလက်မှတ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ အာယုဒါနဆေးရုံတော်၌ မျက်စိစမ်းသပ်ကုသမှုများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ ကုသမှုခံယူလျက်ရှိသည့် သံဃာတော်များနှင့် မျက်စိဝေဒနာရှင် ဒေသခံပြည်သူများအား မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သားပါရဂူဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ သီတဂူကေတုမတီ တက္ကသိုလ်ကျောင်းအုပ်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခသာရ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



**ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ ဒေသခံပြည်သူများကို မျက်စိစမ်းသပ်ကုသမှုများ ဆောင်ရွက်ပေးစဉ်။**

အဆိုပါ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် သီတဂူဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ တည်ထောင်တော်မူသည့် ဆေးရုံတော် ၄၇ ခုအနက် အခု ၄၀ မြောက် အာယုဒါနဆေးရုံတော်ဖြစ်ပြီး မျက်စိဝေဒနာရှင် တစ်နေ့လျှင် ဦးရေ ၁၅၀ ခန့်အား မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များ ခြစ်ထုတ်ခြင်း၊ မျက်လုံးအစားထိုးကုသခြင်းများကို ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်ထိ ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက သီရိသနန္တနဓမ္မ ဟိန္ဒူဘုရားကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

# လားရှိုးမြို့၌ သီရိသနန္တနဓမ္မဟိန္ဒူ ဘုရားကျောင်းဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ သီရိသနန္တနဓမ္မ ဟိန္ဒူဘုရားကျောင်းဖွင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင်ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်၊ ဘုရားကျောင်းဥက္ကဋ္ဌ ဦးသိန်းလွင်၊ အထက်မြန်မာပြည် ဟိန္ဒူဘာသာရေးအဖွဲ့ခွဲ(မန္တလေး)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဟိန္ဒူပုဏ္ဏားများက ကျမ်းစာများအား ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သီရိသနန္တနဓမ္မ ဟိန္ဒူဘုရားကျောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောက်စာကမ္ပည်းများအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဘုရားဆင်းတုတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးများ ကပ်လှူပူဇော်ကြပြီး တက်ရောက်လာကြသူများက အလံတင်ခြင်းနှင့် ဓမ္မသီချင်းများ ရွတ်ဖတ်ပူဇော်ကြသည်။ ၎င်းနောက် တိုင်းမှူးက သီရိသနန္တနဓမ္မ ဟိန္ဒူဘုရားကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့များနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဘုရားကျောင်းကြီးအား လွန်ခဲ့သော ၁၇၆ နှစ်က လားရှိုးမြို့၌ နေထိုင်ကြသည့် ဟိန္ဒူဘာသာဝင်များက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ဂေါပကအဖွဲ့များနှင့် အလှူရှင်များ စုပေါင်း၍ ပြန်လည်အသစ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါကျောင်း၌ အိန္ဒိယနိုင်ငံ ဇေယျပူရ် (Jaipur)မြို့မှ ပင့်ဆောင်ခဲ့သည့် ဘုရားဆင်းတုတော်များကို တည်ထားကိုးကွယ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာ၌ (၂၂) ကြိမ်မြောက် လားဟူရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာ၌ (၂၂) ကြိမ်မြောက် လားဟူရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင်ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လားဟူအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လားဟူတိုင်းရင်းသားများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။




**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း လားဟူရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် လားဟူတိုင်းရင်းသားရိုးရာအကအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။**

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး လားဟူအမျိုးသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌက နှစ်သစ်ကူးပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများအား လားဟူတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ရိုးရာဖြစ်သည့် ရေဖြင့် လက်ဆေးမင်္ဂလာဂါရဝပြုခြင်းဖြင့် လားဟူတိုင်းရင်းသားလူငယ်များက ဂါရဝပြုကြသည်။ ယင်းနောက် လားဟူတိုင်းရင်းသားများက ရိုးရာအကအလှများ၊ လားဟူရိုးရာမြေဝိုင်းအကတို့ဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက (၂၂) ကြိမ်မြောက် လားဟူရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် လားဟူတိုင်းရင်းသားရိုးရာအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ လားဟူအမျိုးသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ဘူတာနှင့် ကျိုက္ကသာဘူတာအကြား တံတားအမှတ်(၄၁)ကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး





အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျိုက်ထိုမြို့နယ် ကျိုက္ကသာဘူတာနှင့် မုပ္ပလင်ဘူတာကြား မိုင်တိုင်အမှတ် ၈၈/၂၂-၂၄ ကြား တံတားအမှတ်(၄၁) ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပဲခူး-မော်လမြိုင် လမ်းပိုင်းရှိ မွန်ပြည်နယ် မုပ္ပလင်ဘူတာနှင့် ကျိုက္ကသာဘူတာအကြား မိုင်တိုင်အမှတ် ၈၈/၂၂-၂၄ ရှိ တံတားအမှတ်(၄၁)ကို ဇန်နဝါရီ ၂၆ ရက် နံနက် ၄ နာရီခန့်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားပျက်စီးခဲ့ပြီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း ၁၀ လုံးကိုလည်း တွေ့ရှိရသဖြင့် မုပ္ပလင်-ကျိုက္ကသာ ရထားလမ်းပိုင်းကို နံနက် ၈ နာရီ မိနစ် ၅၀ တွင် ပိတ်ထားခဲ့ရကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုကြောင့် တံတား၏ အပေါ်ချုပ်တန်းမိန်းခုံ (Top Cord) ပျက်စီးခဲ့ပြီး တံတားကြံ့ခိုင်မှု စစ်ဆေးပြုပြင်၍ ရထားများ အမြန်ဆုံးပြန်လည်ဖြတ်သန်းနိုင်ရေးအတွက် မြန်မာ့မီးရထား ရုံးချုပ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် မြို့ပြအင်ဂျင်နီယာဌာန တံတားလုပ်ငန်းအဖွဲ့နှင့် တိုင်းအမှတ်(၈)ရှိ တာဝန်ရှိသူများက နေ့ရောညပါ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လမ်းပိုင်းကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရထားလမ်းပိတ်ဆို့မှုကြောင့် ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မှ ထွက်ခွာလာသည့် ခရီးသည်ဦးရေ ၄၃၀ လိုက်ပါလာသော အမှတ်(၈၉)အဆန် လူစီးရထားနှင့် နံနက် ၉ နာရီတွင် မော်လမြိုင်မှ ထွက်ခွာလာသည့် ခရီးသည် ၆၅၇ ဦး လိုက်ပါလာသော အမှတ်(၉၀) အစုန် လူစီးရထားတို့ကို တံတားတစ်ဖက်တစ်ချက်တွင် ရပ်တန့်စေကာ ခရီးသည်များကို ရထားကူးပြောင်းလိုက်ပါစေခဲ့ရမှုကြောင့် လမ်းခရီးကြန့်ကြာမှုများ ဖြစ်ပေါ်ကာ ခရီးသည်များ အခက်အခဲကြုံတွေ့ခဲ့ရကြောင်း သိရသည်။

တံတား မိုင်းဖောက်ခွဲဖျက်ဆီးမှုကြောင့် ယနေ့မှစ၍ အဆိုပါလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် အမြန်ရထားလေးစီး ဖျက်သိမ်းထားရပြီး နေ့စဉ်ရထားစီးခရီးသည်ဦးရေ ၂၀၀၀ ကျော်ခန့် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထား၏ ရန်ကုန်-ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ရထားလမ်းများ၊ တံတားများကို ရည်ရွယ်ချက်ရှိရှိဖြင့် တံတားမိုင်းခွဲခံရမှု ခြောက်ကြိမ်၊ သံလမ်းမိုင်းခွဲခံရမှု သုံးကြိမ်၊ လက်လုပ်မိုင်းပေါက်ကွဲ/တွေ့ရှိမှု ခုနစ်ကြိမ် စုစုပေါင်း ၁၆ ကြိမ်နှင့် ဘူတာ/ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းတစ်ကြိမ်တို့ကိုလည်းကောင်း၊ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးအနေဖြင့် ရထားလမ်းနှင့် ရထားဘူတာနယ်မြေများအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း ၁၀၇ ကြိမ်၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း ၃၇ ကြိမ်၊ ဘူတာများအား မီးရှို့ဖျက်ဆီးခြင်း ၁၀ ကြိမ်တို့ကိုလည်းကောင်း ကျူးလွန်ခဲ့ကြကြောင်း သိရသည်။

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကအားထားနေရသည့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတွင် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များ ပြေးဆွဲမှု နှောင့်နှေးကြန့်ကြာစေရေး၊ ခရီးသွားပြည်သူများနှင့် ကုန်စည်များထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်စေရေးအတွက် ယုတ်မာရက်စက်စွာ အကြိမ်ကြိမ် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကျူးလွန်နေကြသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များကို ဒေသခံပြည်သူတစ်ရပ်လုံးကစက်ဆုပ်ရွံရှာပြီး ပြင်းထန်စွာဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။




**အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျိုက်ထိုမြို့နယ် ကျိုက္ကသာဘူတာနှင့် မုပ္ပလင်ဘူတာကြား မိုင်တိုင်အမှတ် ၈၈/၂၂-၂၄ ကြား တံတားအမှတ်(၄၁) ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။**

# လမိုင်းမြို့နယ် လမိုင်းမြို့-သောင်ပြင်ကျေးရွာသွား ကားလမ်းပေါ်ရှိ ကော့လူစစ် သံကူကွန်ကရစ်တံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် ရေးခရိုင် လမိုင်းမြို့နယ် လမိုင်းမြို့-သောင်ပြင် ကျေးရွာသွား ကားလမ်းပေါ်ရှိ ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုးဖြင့် တည်ဆောက်ထားသည့် အရှည် ပေ ၃၀၊ အကျယ် ၁၂ ပေရှိ ကော့လူစစ် သံကူကွန်ကရစ်တံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့ညနေ ၃ နာရီခွဲခန့်တွင် ဒေသန္တရ လက်လုပ်မိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည်။

မိုင်းဖောက်ခွဲမှုကြောင့် လမိုင်းမြို့ဘက်ခြမ်း ကမ်းကပ်ခုံအုတ်တိုင် တစ်တိုင်၊ တံတားလက်ရန်းများနှင့် မြေသားများ အက်ကွဲပြိုကျပျက်စီးခဲ့ကြောင်းနှင့် အဆိုပါ တံတားပျက်စီးခဲ့မှုကို ဒေသခံပြည်သူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် လမိုင်း-သောင်ပြင်သွား သံကူကွန်ကရစ် (ကော့လူစစ်)တံတားကို တွေ့ရစဉ်။

**PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲခဲ့သည့် လမိုင်း-သောင်ပြင်သွား သံကူကွန်ကရစ်(ကော့လူစစ်)တံတားနေရာပြပုံ**



# ပခုက္ကူမြို့နယ် ပဒိုင်းခြံကျေးရွာအနီးရှိ Myanmar Effort Company Limited အထည်ချုပ်စက်ရုံမှ မန်နေဂျာဖြစ်သူနှင့် တရုတ်နိုင်ငံသူ အထည်ချုပ်ပညာရှင်တို့ နှစ်ဦးကို NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် Myanmar Effort Company Limited အထည်ချုပ်စက်ရုံ နေရာပြပုံ






မန်နေဂျာ ဦးမျိုးဇင်ဝင်း၏ မှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံသူ Ms.GU ZHEN ZHEN ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပဒိုင်းခြံကျေးရွာအနီးရှိ Myanmar Effort Company Limited အထည်ချုပ်စက်ရုံမှ မန်နေဂျာဖြစ်သူ ဦးမျိုးဇင်ဝင်းနှင့် တရုတ်နိုင်ငံသူ အထည်ချုပ်ပညာရှင် Ms.GU ZHEN ZHEN တို့ နှစ်ဦးကို NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် လက်နက်ဖြင့် လာရောက်ခြိမ်းခြောက်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့နယ် ပဒိုင်းခြံကျေးရွာအနီးရှိ Myanmar Effort Company Limited အထည်ချုပ်စက်ရုံသို့ ဇန်နဝါရီ ၂၆ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် မော်တော်ယာဉ်တစ်စီးဖြင့် လက်နက်ငယ်များ ကိုယ်စီကိုင်ဆောင် ရောက်ရှိလာပြီး အဆိုပါစက်ရုံဝင်းအတွင်း စက်ရုံလုံခြုံရေးဆောင်ရွက်နေသည့် ဝန်ထမ်းများကို သေနတ်ဖြင့် ခြိမ်းခြောက်ရိုက်နှက်ခဲ့ကြပြီး စက်ရုံအတွင်းဝင်ရောက်ကာ မန်နေဂျာဖြစ်သူ ဦးမျိုးဇင်ဝင်းနှင့် တရုတ်နိုင်ငံသူ အထည်ချုပ်ပညာရှင် Ms.GU ZHEN ZHEN တို့ နှစ်ဦးကို အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်ကာ Laptop တစ်လုံးနှင့် လုံခြုံရေးဝန်ထမ်းများ၏ လက်ကိုင်ဖုန်းသုံးလုံးတို့ကိုပါ ယူဆောင်၍ ၎င်းတို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ဖြင့် မြောက်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် အကြမ်းဖက်အဖွဲ့များ၏ ပြောဆိုစေခိုင်းချက်အရ မန်နေဂျာ ဦးမျိုးဇင်ဝင်းသည် စက်ရုံအတွင်းရှိ ဖုန်းတစ်လုံးကို ဆက်သွယ်၍ ငွေကျပ်သိန်း ၁၀၀၀၀ ကို အသင့်ပြင်ဆင်ထားပြီး ပြန်လည်ဆက်သွယ်ပေးရန် ဖုန်းဖြင့် ဆက်သွယ်လာခဲ့ကြောင်း သိရသည်။

အဆိုပါ အထည်ချုပ်စက်ရုံတွင် စက်ရုံတာဝန်ခံအဖြစ် တရုတ်နိုင်ငံသား Mr. RAO MING CHUN အပါအဝင် တရုတ်နိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦးနှင့် ဝန်ထမ်းအမျိုးသား ၃၁၅ ဦး၊ အမျိုးသမီး ၇၈၅ ဦး စုစုပေါင်း ဦးရေ ၁၁၀၀ ရှိပြီး အဆိုပါစက်ရုံသည် ၂၀၁၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် စတင်လည်ပတ်ကာ အဝတ်အထည်များထုတ်လုပ်၍ တရုတ်နိုင်ငံသို့ Export ပြန်လည်တင်သွင်းနေသည့် စက်ရုံတစ်ခုဖြစ်ကြောင်း သိရသည်။

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းသည် ဒေသခံပြည်သူများ၏ အလုပ်အကိုင်၊ အခွင့်အလမ်းများအပေါ် အနှောင့်အယှက် အဟန့်အတား ဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏လုပ်ရပ်များအပေါ် ကျေနပ်မှုမရှိဘဲ ပြစ်တင်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများကို အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်လျက်ရှိသည့်အပြင် ကျေးရွာများကို မီးရှို့ဖျက်ဆီးပြီး ပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အတင်းအဓမ္မခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်းစသည့် ဥပဒေမဲ့လုပ်ရပ်များကို ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးခေါ်ဆောင်သွားသူများကို အမြန်ဆုံးပြန်လည်ကယ်တင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှုသတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြား၍ ရပ်ရွာအေးချမ်းသာယာရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် Myanmar Effort Company Limited အထည်ချုပ်စက်ရုံ မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်နေ လှမျိုးကြွယ်နှင့် စိုးပြေအောင်တို့သည် ၎င်းတို့အသုံးပြုသည် "Hla Myo Kyawal" Facebook အကောင့်နှင့် "Sopyay Aung" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ဌေးရီနှင့် ဝင်းရွှေတို့သည် ၎င်းတို့အသုံးပြုသည့် "Htay Yee" Facebook အကောင့်နှင့် "Win Shwe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက လီဗာပူး၊ လာဇီယို၊ အေတီကိုအသင်းတို့ကို အားပေးရမှာပါ




လက်ရှိ ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ်(၂၀)ထိ ရောက်ရှိလာခဲ့တာကြောင့် အသင်းအားလုံးက ရမှတ်လိုအပ်ချက်တွေပြည့်မီဖို့ ရေကုန်ရေခန်းကစားလာကြတာဖြစ်ပါတယ်။ အခုတစ်ပတ်မှာတော့ ပရီးမီးယားလိဂ်က အက်ဖ်အေဖလားပွဲစဉ်ရှိလို့ အမှတ်ပေးပွဲရပ်နားထားပေမဲ့ ပြင်သစ်လီဂူး၊ စပိန်လာလီဂါ၊ ဂျာမန်ဘွန်ဒက်လီဂါနဲ့ အီတလီစီးရီးအေတို့ကတော့ ပုံမှန်အတိုင်းဆက်လက်ကျင်းပသွားမှာပါ။ လာမဲ့ တနင်္ဂနွေနေ့ညမှာတော့ အက်ဖ်အေဖလားပွဲစဉ်ထဲက အကြိုက်ဆုံးတစ်ပွဲနဲ့ အမှတ်ပေးပြိုင်ပွဲထဲက နှစ်ပွဲရွေးချယ်သွားမှာဖြစ်ပြီး အဲဒီထဲက တိုက်စစ်ပိုင်းထက်မြက်တဲ့အသင်းတွေကိုပဲ အားပေးသွားရမှာပါ။

## လီဗာပူးနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ အက်ဖ်အေဖလားပွဲစဉ်ထဲက အကြိုက်တွေ့မိတာကတော့ ဘရိုက်တန်နဲ့ လီဗာပူးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘရိုက်တန်အသင်းဟာ အက်ဖ်အေဖလားပွဲစဉ်ကို တတိယအဆင့်ကစတင်ကစားခဲ့ရပေမဲ့ ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့အသင်းနဲ့တွေ့ဆုံခဲ့ပြီး ကစားကွက်ပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ကစားနိုင်ခဲ့တာကြောင့် ငါးဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ အခု စတုတ္ထအဆင့်မှာတော့ ပရီးမီးယားလိဂ်ပြိုင်ဘက် လီဗာပူးအသင်းနဲ့တွေ့ဆုံနေတာကြောင့် ပွဲကျပ်ကစားရမှာဖြစ်ပြီး ဇန်နဝါရီ ၁၄ ရက်က ပရီးမီးယားလိဂ်ပွဲစဉ်မှာတော့ လီဗာပူးအသင်းကို သုံးဂိုးပြတ်အနိုင်ရထားတဲ့ ခြေစွမ်းကိုတော့ မေ့ထားလို့မရပါဘူး။ ဘရိုက်တန်အသင်းဟာ အခုရာသီမှာ ကစားသမားကောင်းတွေပေါ်ထွက်ခဲ့ပေမဲ့ ကူကူရယ်လာ၊ ထရိုဆာ့ဒ်၊ မူပေးတို့ကို လက်လွှတ်ခဲ့ရတာတွေ့ရမှာပါ။

နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲပဲအနိုင်ရသေးတဲ့လီဗာပူးအသင်းခြေစွမ်းပိုင်းက အားရစရာမကောင်းပေမဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာတော့ ချန်ပီယံဆုဖလား ရှစ်ကြိမ်ထိရယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိချန်ပီယံ လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာတော့ ဗိုလ်လုပွဲစဉ်မှာ ပြိုင်ဘက်ကောင်းချဲလ်ဆီးအသင်းနဲ့တွေ့ဆုံခဲ့ပြီး ပွဲကစားချိန်အတွင်း တစ်ဖက်နဲ့တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့လို့ အချိန်ပိုထိကစားခဲ့ရတဲ့အပြင် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး လီဗာပူးအသင်းက ခြောက်ဂိုးငါးဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ အက်ဖ်အေဖလားချန်ပီယံအဖြစ် သုံးကြိမ်မြောက်ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုရာသီမှာတော့ လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရလဒ်ကောင်းရရှိထားပေမဲ့ ကျန်ပြိုင်ပွဲတွေမှာတော့ ဒဏ်ရာရကစားသမားများပြားတာကြောင့်ရှုန်းကန်နေရတာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ ဖာမင်နို၊ ဒါဝင်နူနက်၊ လူးဝစ်ဒီယက်ဇ်၊ ဂျိုတာတို့လို အဓိက ကစားသမားတွေ ဒဏ်ရာရနေတာကြောင့် ဂိုးရဖို့ခက်ခဲနေပေမဲ့ အက်ဖ်အေဖလားသမိုင်းမှာတော့ အစဉ်အလာကောင်းတွေရှိနေလို့ အခုပွဲစဉ်ကို နိုင်ပွဲရဖို့ပြင်ဆင်လာမှာသေချာပါတယ်။ လီဗာပူးအသင်းဟာ အခုရာသီအမှတ်ပေးပွဲမှာ ရမှတ်(၂၉)မှတ်နဲ့ အဆင့်(၉)ထိ ရောက်ရှိနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးပဲ ကြိုးပမ်းရမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကွာရာဘောင်းပြိုင်ပွဲမှာ မန်စီးတီးကိုရှုံးနိမ့်ပြီး ပြိုင်ပွဲကထွက်ခွာခဲ့ရသလို ချန်ပီယံလိဂ်နဲ့ ပရီးမီးယားလိဂ်မှာလဲ ဒဏ်ရာရကစားသမားတွေကြောင့် ဆုဖလားရဖို့မဖြစ်နိုင်တော့လို့ အက်ဖ်အေဖလားပွဲစဉ်ဟာ နည်းပြကလော့အတွက် အရေးကြီးပွဲစဉ်ဖြစ်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် ဘရိုက်တန်ကို အဝေးကွင်းသွားရောက်ကစားရမှာဖြစ်ပေမဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ အစဉ်အလာကောင်းတဲ့ လီဗာပူးနဲ့ပဲလက်တွဲရမှာပါ။

### ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၂ | - | ၄ | အာဆင်နယ် |
| အဲဗာတန် | ၁ | - | ၄ | ဘရိုက်တန် |
| မစ်ဒယ်ဘရော့ | ၁ | - | ၅ | ဘရိုက်တန် |
| ဘရိုက်တန် | ၃ | - | ၀ | လီဗာပူး |
| လက်စတာ | ၂ | - | ၂ | ဘရိုက်တန် |

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | လီဗာပူး |
| လီဗာပူး | ၂ | - | ၂ | ဝုဗ် |
| ဘရိုက်တန် | ၃ | - | ၀ | လီဗာပူး |
| ဝုဗ် | ၀ | - | ၁ | လီဗာပူး |
| လီဗာပူး | ၀ | - | ၀ | ချဲလ်ဆီး |

## လာဇီယို ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ အီတလီစီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လာဇီယိုနဲ့ ဖီအိုရင်တီးနားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ အခုရာသီမှာ အဓိက ကစားသမားခေါ်ယူမှုမပြုလုပ်ခဲ့ပေမဲ့ အသင်းက ခြေစွမ်းပြကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့လို့ ပြိုင်ပွဲစုံမှာရလဒ်ကောင်းနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ကစားခဲ့တဲ့ပွဲစဉ်တွေမှာတစ်ပွဲပဲ ရှုံးနိမ့်ခဲ့ပြီး ကျန်ပွဲစဉ်အားလုံးအနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီထဲမှာ ဆက်ဆူအိုလို၊ အေစီမီလန်တို့လိုအသင်းတွေကိုတော့ ဂိုးပြတ်အနိုင်ရအောင်ကစားခဲ့တာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ တိုက်စစ်မှူးအင်မိုဘိုင်းမပါနိုင်ပေမဲ့ ဇာကာနီ၊ အန်ဒါဆန်၊ ပက်ထရိုတို့နဲ့အတွဲအဖက်မိနေတာကြောင့် ဖီအိုရင်တီးနားခံစစ်ပိုင်းကို ပွဲချိန်ပြည့်ခြိမ်းခြောက်မှုပြုလုပ်နိုင်မှာ သေချာပါတယ်။

ဖီအိုရင်တီးနားအသင်းဟာ တိုက်စစ်မှူး ဗလာဟိုဗစ်ထွက်ခွာပြီးနောက်ပိုင်း ဂိုးသွင်းနှုန်းကျဆင်းသွားခဲ့ပြီး သူ့နေရာမှာ အစားထိုးခဲ့တဲ့ ဂျိုဗစ်ကလဲ ထင်သလောက်အလုပ်မဖြစ်တာကြောင့် တိုက်စစ်ကစားပုံတည်ငြိမ်မှုမရှိသေးတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီအမှတ်ပေးပွဲ ၁၉ ပွဲမှာ ခြောက်ပွဲနိုင်၊ ငါးပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ်(၂၃)မှတ်ထိ ရယူနိုင်ခဲ့ပြီး အဆင့် (၁၁)ရောက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ အဝေးကွင်းကိုးပွဲကစားခဲ့ရာမှာ နှစ်ပွဲပဲအနိုင်ရခဲ့ပြီး အဲဒီပွဲစဉ်တွေကလဲ တန်းဆင်းဇုန်ထဲမှာရှုန်းကန်နေရတဲ့ ဆမ့်ဒိုးရီးယားနဲ့ စပီဇီယာတို့လိုအသင်းတွေဖြစ်နေတာကို သတိပြုရမှာပါ။ နည်းပြအီတာလီယာနိုကတော့ ပြိုင်ဘက်အသင်းရဲ့အခင်းအကျင်းကိုလိုက်ပြီး နည်းစနစ်ပိုင်းပြောင်းလဲနေပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ တိုက်စစ်မှူး ကာဘရယ်၊ ဂွန်ဇာလက်ဇ်၊ အီကွန်နီတို့ဟာ ဂိုးရဖို့ရှုန်းကန်နေရတာဖြစ်ပါတယ်။ ဒါ့ပြင် တိုက်စစ်မှူးကာဘရယ်အနေနဲ့ ဒဏ်ရာပြဿနာရှိသလို ဂွန်ဇာလက်ဇ်ကလဲ အသင်းကထွက်ခွာဖို့ကြိုးပမ်းနေတာကြောင့် တိုက်စစ်ပိုင်းမှာ အီကွန်နီတစ်ယောက်ပဲရှိတာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၂၆ ကြိမ်မှာလဲ လာဇီယိုက ၁၈ ပွဲနိုင်၊ သုံးပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့သလို ပထမအကျော့ပွဲစဉ်မှာလဲ လေးဂိုးပြတ်အနိုင်ရခဲ့တာကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ လာဇီယိုပဲ ရလဒ်ကောင်းသွားမှာပါ။

### လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လက်ချီ | ၂ | - | ၁ | လာဇီယို |
| လာဇီယို | ၂ | - | ၂ | အမ်ပိုလီ |
| ဆက်ဆူအိုလို | ၀ | - | ၂ | လာဇီယို |
| လာဇီယို | ၁ | - | ၀ | ဘိုလော့နာ |
| လာဇီယို | ၄ | - | ၀ | အေစီမီလန် |

### ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၁ | - | ၁ | မွန်ဇာ |
| ဖီအိုရင်တီးနား | ၂ | - | ၁ | ဆက်ဆူအိုလို |
| ဖီအိုရင်တီးနား | ၁ | - | ၀ | ဆမ့်ဒိုးရီးယား |
| ရိုးမား | ၂ | - | ၀ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၀ | - | ၁ | တိုရီနို |

## အေတီကို အနိုင်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အိုဆာဆူနာနဲ့ အေတီကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ အမှတ်ပေးပွဲမှာတော့ အေတီကိုအသင်းက အဝေးကွင်းမှာ သုံးဂိုးပြတ်နဲ့အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ နည်းပြအာရာဆာတီရဲ့ အိုဆာဆူနာကတော့ ခံစစ်ကစားပုံကောင်းမွန်တာကြောင့် လက်ရှိအမှတ်ပေးပြိုင်ပွဲ ၁၈ ပွဲကစားအပြီးမှာ ရှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ အဆင့်(၇)မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီ အိမ်ကွင်းပွဲစဉ်ကိုးပွဲမှာ ခြောက်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ရရှိထားတာကိုတွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာလဲ ဆီဗီလာလိုကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းကိုတောင် နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရအောင် စွမ်းဆောင်နိုင်တဲ့ခြေစွမ်းက အားရစရာပါ။ လက်ရှိ နည်းပြအာရာဆာတီရဲ့ ကစားကွက်အောက်မှာတော့ တိုက်စစ်မှူး အေဗီလာကခြေစွမ်းပြနေပြီး သွင်းဂိုးခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အိုဆာဆူနာအသင်းဟာ အေတီကိုအသင်းနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပြိုင်ပွဲစုံ ၁၆ ပွဲမှာလဲ တစ်ပွဲပဲအနိုင်ရခဲ့တာဖြစ်ပါတယ်။

အေတီကိုအသင်းဟာ ကစားသမားစုဖွဲ့မှုကောင်းပေမဲ့ နည်းပြနဲ့ကစားသမားတွေနားလည်မှုလွဲနေသေးတာကြောင့် ပြိုင်ပွဲစုံမှာ ရှုန်းကန်နေရတာကိုတွေ့ရမှာပါ။ ဒါကြောင့် အေတီကိုအသင်းဟာ လာလီဂါပွဲစဉ် ၁၈ ပွဲအပြီးမှာ ကိုးပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၁ ထိရရှိခဲ့ပြီး အဆင့်(၄)မှာရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးဇယားထိပ်က ဘာစီလိုနာနဲ့ ၁၃ မှတ်ထိကွာဟနေတာကြောင့် ချန်ပီယံဆုကိုစိန်ခေါ်ဖို့ မျှော်လင့်ချက်နည်းပါးသလို ချန်ပီယံလိဂ်ဝင်ခွင့်အတွက်လဲ ရှုန်းကန်နေရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ တိုက်စစ်မှူးဂျာလိုဖီးလစ်နဲ့ ကန်ဟာတို့ကို လက်လွှတ်ခဲ့ရပေမဲ့ သူတို့နေရာမှာ မိုရာတာ၊ ဂရစ်ဇ်မန်းတို့ရှိနေတာကြောင့် ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဘာစီလိုနာက တိုက်စစ်မှူးဒီပေးကိုလဲ အခုအပြောင်းအရွှေ့ကာလမှာ ပြန်လည်ဖြည့်တင်းနိုင်ခဲ့တာကြောင့် အေတီကိုအသင်းတိုက်စစ်ပိုင်းကတော့ ကျဆင်းသွားမှာမဟုတ်ဘဲ အိုဆာဆူနာအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ အခုရာသီအဝေးကွင်းကိုးပွဲမှာ နှစ်ပွဲရှုံးနိမ့်ခဲ့သလို တိုက်စစ်ပိုင်းက မိုရာတာနဲ့ ဂရစ်ဇ်မန်းတို့အတွဲကို အိုဆာဆူနာခံစစ်ပိုင်း မထိန်းချုပ်နိုင်ရင်တော့ ဂိုးပြတ်ရှုံးဖို့များနေတာကြောင့် တိုက်စစ်ပိုင်းပုံစံကောင်းရနေတဲ့ အေတီကိုအသင်းပဲ အနိုင်ရသွားမှာပါ။

### အိုဆာဆူနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၀ | - | ၀ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၁ | - | ၀ | မာယော့ကာ |
| ဘက်တစ် | ၂ | - | ၂ | အိုဆာဆူနာ |
| အယ်ချီ | ၁ | - | ၁ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၂ | - | ၁ | ဆီဗီလာ |

### အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အိုဗီဒို | ၀ | - | ၂ | အေတီကို |
| အေတီကို | ၀ | - | ၁ | ဘာစီလိုနာ |
| အယ်မာရီယာ | ၁ | - | ၁ | အေတီကို |
| လီဗန်တေး | ၀ | - | ၂ | အေတီကို |
| အေတီကို | ၃ | - | ၀ | ဗယ်လာဒိုးလစ် |

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ**(အပျို)**ဖြစ်ရမည်။

(ခ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၆ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# မဟာဇယ်ကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း ၀၉ ၆၉၁၂၃၁၆၃၉

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၇၃၈၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# STARMART MANDALAY Wholesale

အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ဝိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။












STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း



မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်နေ ကျွန်တော် ဦးခင်မောင်လတ် မှ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော်၏သားဖြစ်သူ **မောင်ကျော်ရဲအောင် (၉/ ခမစ(နိုင်)၀၇၀၀၃၁)**သည် ကျွန်တော်၏ဆိုဆုံးမမှုကိုမနာခံဘဲ ကျွန်တော့်အား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် **ကျော်ရဲအောင်**နှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးခင်မောင်လတ်(၉/ မနတ(နိုင်)၁၀၇၉၀၁)**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်ယဉ်မြင့်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/ဟပတ(နိုင်)၀၁၂၃၄၇) နှင့် ဦးစိုးလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/လရန (နိုင်)၀၀၄၁၃၈) တို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၇-၁-၂၀၂၃ ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ယဉ်မြင့်အေး**
**နိုင်ငံသားစိစစ်ရေးကတ်အမှတ်**
**၁၃/ဟပတ(နိုင်)၀၁၂၃၄၇**

**ပျောက်ဆုံးကြောင်း**

တောင်သာမြို့နယ်နေ ထွန်းထွန်း(ဘ) ဦးဖေါက်စ (၉/တသန(နိုင်) ၁၉၀၂၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၀၀၂၂၂၆


**စာအုပ်စာပေ လူ့မိတ်ဆွေ**



## ဝန်ထမ်းအလိုရှိသည်

**အိမ်အကူ အမျိုးသမီး (၂) ဦး**

- နေစားငြိမ်း နေနိုင်ရမည်။
- စက်ဘီး၊ ဆိုင်ကယ် စီးတတ်ရမည်။
- လစာညှိနှိုင်း
- 09-797780219 , 09-970970832


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတစ်ခုသည် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးအားနှင့် ကာကွယ်ရေးစွမ်းအားကောင်းရန်လို…

❖ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့်နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပပြုလုပ်သည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးသည် နိုင်ငံရေးရည်မှန်းချက်ဖြစ်၊ အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ဖြစ်၊ နိုင်ငံအတွင်း ပညာတတ်လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိ…

